# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ စနေနေ့ | အတွဲ(၆၅)၊ အမှတ်(၃၄၉)


**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့**

➢ နိုင်ငံတော်၏ အနာဂတ်သည် ယနေ့ကလေးများ တော်သလောက် ကောင်းသည့်အပေါ်တွင် တည်မှီနေခြင်းကြောင့် လူကောင်း လူတော်ဖြစ်အောင် လေ့ကျင့်ပေးသည့်ကျောင်းသို့ သွားဖြစ်အောင် သွားကြပါ။ မိဘများကလည်း ပို့ဖြစ်အောင် ပို့ပေးကြပါ။

## ယနေ့ ဖတ်စရာ


အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ်များတွေ့ဆုံပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ — ပြည်တွင်းသတင်း — စာ ၃

ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေအလားအလာ အစီရင်ခံစာ — ဆောင်းပါး — စာ ၆

မွေးမြူရေးဇုန်များ၏ အင်အားဖြင့် ရန်ကုန်၏ စားနပ်ရိက္ခာဖူလုံရေး — ဆောင်းပါး — စာ ၁၀


# ဖလမ်းမြို့သို့ ဒေသခံပြည်သူများ နေ့စဉ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိ

## ဖလမ်းမြို့ပေါ် လူဦးရေ၏ ၂၁ ဒသမ ၆၄ ရာခိုင်နှုန်း ပြန်လည်နေထိုင်နေပြီဖြစ်

ဖလမ်း စက်တင်ဘာ ၁၈

ဖလမ်းမြို့ကို တပ်မတော်က ထိန်းချုပ်ပြီး ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများသည် မေ ၆ ရက်မှ စတင်ကာ နေရပ်သို့ နေ့စဉ် ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိရာ ယမန်နေ့က ဖလမ်းမြို့သို့ ပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်နှင့် တာဝန်ရှိသူများက

စာမျက်နှာ ၃ ကော်လံ ၁ ✻



ဖလမ်းမြို့သို့ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်လာရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

# ခမောက်ကြီးချောင်းရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်၌ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၈

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်အတွင်း စက်တင်ဘာ ၁၇ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် တောင်ကျရေစီးဆင်းမှုတို့ကြောင့် ခမောက်ကြီးချောင်းရေမြင့်တက်မှု ဖြစ်ပွားခဲ့ပြီး ခမောက်ကြီးမြို့ ရပ်ကွက်(၁) အတွင်း ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဝင်ရောက်မှု ဖြစ်ပေါ်သည့် ရပ်ကွက်ရှိ

စာမျက်နှာ ၅ ကော်လံ ၁ ▼




ခမောက်ကြီးမြို့ပေါ်ရပ်ကွက်များ ချောင်းရေဝင်ရောက်မှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

# စက်တင်ဘာ ၂၂ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် လည်းကောင်း

စာမျက်နှာ ၆ ကော်လံ ၁ ❑



# အောင်လံခရိုင်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



အောင်လံ စက်တင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကပ်ကျော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းလှိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး၊ ခရိုင်ဥပဒေအရာရှိ ကိုယ်စား ဒုတိယဥပဒေအရာရှိ နှင့် ဌာနအသီးသီးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ကဏ္ဍအလိုက် အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၆ ❍

# ကော့သောင်းမြို့၌ တရားမဝင်ကုန်စည်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကျင်းပ

ကော့သောင်း စက်တင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ တရားမဝင်ကုန်စည်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ကမ်းနားလမ်းရှိ ရေကြောင်းရဲတပ်ဖွဲ့စုရုံး၌ကျင်းပရာ ရေကြောင်းရဲတပ်ဖွဲ့စု (ကော့သောင်း)

စာမျက်နှာ ၃ ကော်လံ ၁ ◆

## ညီညွတ်ရေးက အရေးကြီး

**“တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့ ကိုယ်စားလှယ်များတွေ့ဆုံပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းနိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် - ၂၀ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**



တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်၊ နိုင်ငံရေးပါတီများအစုအဖွဲ့ ၃၂ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က NSPNC နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးမည့်အခြေအနေများ၊ ဆွေးနွေးညှိနှိုင်းမည့် အကြောင်းအရာကိစ္စများ၊ ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ဆွေးနွေးပြောကြားသည်။

ထို့အတူ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(ငြိမ်း) က နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ရွေးချယ်မည့်ကိစ္စ၊ မဲပေးရွေးချယ်မည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများအစုအဖွဲ့ ၃၂ ပါတီမှ ကိုယ်စားလှယ်များက မဲပေးရွေးချယ်မည့်အစီအစဉ်နှင့် ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ရွေးချယ်ရေး သဘာပတိအဖွဲ့အား ဖွဲ့စည်းပြီး နိုင်ငံရေးပါတီများအစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ ၁၆ ဦးအတွက် တက်ရောက်လာသည့် နိုင်ငံရေးပါတီကိုယ်စားလှယ်များက မဲပေးရွေးချယ်ကြကာ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ရွေးချယ်ရေး သဘာပတိအဖွဲ့က နိုင်ငံရေးပါတီများအစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ ကိုယ်စားလှယ် ၁၆ ဦးနှင့် အလှည့်ကျကိုယ်စားလှယ် ၁၆ ဦး ရွေးချယ်ထားမှုကို အတည်ပြုပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာသူများက နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့နှင့် ဆက်လက်တွေ့ဆုံ ဆွေးနွေးရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်မည့်နည်းလမ်းများ၊ ပဋိပက္ခဖြစ်ပွားနေသည့်ဒေသများအား ယခင်ပုံစံအတိုင်း ပြန်လည်ရောက်ရှိနိုင်ရေး၊ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား ဆက်ဆံရေး၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် မပါဝင်လာသေးသည့်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုမြှင့်တင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ၊ Bilateral တွေ့ဆုံဆွေးနွေးပြီး Ceasefire အား ဖော်ဆောင်နိုင်ရေးကိစ္စတို့ကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီ များ၏ အခန်းကဏ္ဍ၊ Ceasefire နှင့် Political Dialogue တို့၏ ဆက်သွယ်မှု၊ ဒေသခံပြည်သူများ၏ လုံခြုံရေးနှင့်လူမှုစီးပွားလိုအပ်ချက်များ၊ ငြိမ်းချမ်းရေးအခန်းကဏ္ဍတွင် အမျိုးသမီးများ၏ ပါဝင်နိုင်မှု၊ ယခင်ငြိမ်းချမ်းရေးယန္တရားမှ အတွေ့အကြုံရှိသူများကို ပြန်လည်အသုံးချနိုင်ရေး၊ နိုင်ငံတကာနှင့်သံတမန်ရေးရာဆက်ဆံမှုဆိုင်ရာများ၊ လက်ရှိပဋိပက္ခအတွင်း ပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့သစ်များနှင့် ဆက်သွယ်နိုင်မည့်နည်းလမ်းများကို ပြန်လည်သုံးသပ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာအောင်မြတ်ဦးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*✻ ရွှေဖုံးမှ*

ကျင်မွာလ်ရပ်ကွက် လွတ်လပ်ရေးစေတီ၌ ကြိုဆိုကြသည်။

ထို့နောက် သက်ဆိုင်ရာဌာနဆိုင်ရာများက နေရပ်ပြန်လာသူ ဒေသခံပြည်သူ ၁၁၁ ဦးအား အချက်အလက် ကောက်ယူမှုကို ကြည့်ရှုအားပေးပြီး ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဖလမ်းမြို့တွင် အခြေခံအဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းများ၊ နေရပ်ပြန်ပြည်သူများအား ကူညီထောက်ပံ့ရေး လုပ်ငန်းများကို အလေးပေး ဆောင်ရွက်လျက်ရှိပြီး ဌာနဆိုင်ရာရုံးများ ပုံမှန်လည်ပတ်လျက်ရှိကာ ဖလမ်းမြို့ပေါ် လူဦးရေ၏ ၂၁ ဒသမ ၆၄ ရာခိုင်နှုန်း ပြန်လည်နေထိုင်နေပြီ ဖြစ်ကြောင်း သိရသည်။

ထို့အတူ ယနေ့တွင် အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေး ပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဖလမ်းမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရှုလွယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ဖလမ်းမြို့ပေါ်ကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူ ၅၉ ဦး ပါဝင်ယှဉ်ကြပြီး ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှုကို ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် မြို့ပြနှင့်အိုးအိမ်ဦးစီးဌာန လေးခန်းတွဲနှစ်ထပ်အိမ်ရာ နှစ်လုံးပြုပြင်နေမှု၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

*❍ ရွှေဖုံးမှ*

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

**တောမဲ့မြေသား၊ ရေတိုက်စား၏**

---

*◆ ရွှေဖုံးမှ*

တပ်ဖွဲ့စုမှူး ရဲမှူး ရဲမင်းထက်၊ မြို့နယ်အကောက်ခွန်မှူး၊ နယ်စပ်ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ကော့သောင်း)၊ ခရိုင်ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တရားမဝင်ကုန်စည်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး တရားမဝင်ကုန်စည်များနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သယ်ဆောင်ရောင်းဝယ်ကြရန်နှင့်တရားမဝင်တင်သွင်းသည့်ပစ္စည်းများ သယ်ဆောင်ရောင်းဝယ်မှုပြုလုပ်ပါက တည်ဆဲဥပဒေများအရ သိမ်းဆည်းအရေးယူအပြစ်ပေးခြင်းခံရမည်ဖြစ်ကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့ ကော့သောင်းမြို့မှ လှေပိုင်ရှင်များ၊ ကုန်သည်များ၊ ငါးလုပ်ငန်းရှင်များ စုစုပေါင်း ၄၀ တက်ရောက်ကြပြီး ရေကြောင်းရဲတပ်ဖွဲ့စု(ကော့သောင်း)မှ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများ ကိုယ်တိုင်ပါဝင် ဆောင်ရွက်လာစေရန်အတွက် မီဒီယာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းမှာကြား

**တောင်ငူ စက်တင်ဘာ ၁၈** နိုင်ငံတော်အစိုးရက ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအလိုက် ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပြီး ပြည်သူများအတွက် ဆောင်ရွက်ပေးနေသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်လာစေရန်အတွက် မီဒီယာအခန်းကဏ္ဍမှ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး အဆိုပါရုံးရှိ တာဝါတိုင်နှင့် ဂြိုဟ်တုစလောင်းများ တပ်ဆင်အသုံးပြုနေမှု၊ မီးစက်ခန်း၊ ထပ်ဆင့်လွှင့်စက်ခန်းအတွင်း ရုပ်မြင်သံကြားနှင့် FM လိုင်းများ အချိန်နှင့်တစ်ပြေးညီ ထပ်ဆင့်ထုတ်လွှင့်ပေးနေမှု၊ ရုပ်သံလိုင်းများ အရည်အသွေး ကောင်းမွန်စွာထုတ်လွှင့်ပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် စက်ပစ္စည်းများ ထိန်းသိမ်းပြုပြင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့အတူ တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် အဆိုပါရုံးရှိ ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်များ၊ တောင်ငူခရိုင်ရုံး ရွှေ့လျားစာကြည့်တိုက် လုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းများ၊ သုံးဘီးယာဉ်ဖြင့် နယ်လှည့်ဆောင်ရွက်မှု မှတ်တမ်းများ၊ ပြည်သူ့ဝန်ဆောင်မှု စာပေရေချမ်းစင်တွင် စာအုပ်စာစောင်များ ခင်းကျင်း ပြင်ဆင်ထားရှိမှု၊ စာကြည့်တိုက်၊ ပြတိုက်ငယ်၊ ကလေးစာဖတ်ခန်း၊ နှစ်(၁၀၀) ကျော်မှ တောင်ငူမှတ်တမ်းဓာတ်ပုံများ၊ Community Centre ရှိ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများနှင့် ကွန်ပျူတာသင်တန်းခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် တာဝါနှင့် ဂြိုဟ်တုစလောင်းများ စနစ်တကျတပ်ဆင်ထားရှိမှု၊ ရုပ်မြင်သံကြားနှင့် FM အစီအစဉ်များ ထပ်ဆင့်ထုတ်လွှင့်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူများထံ သတင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးရန်နှင့် ထုတ်လွှင့်မှု မပြတ်တောက်စေရေး အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ အဆိုပါရုံးတွင် နံရံကပ်စာစောင်များထားရှိမှု၊ စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)ရှိ Studio-B၌ နိုင်ငံတော် သံစုံတီးဝိုင်းဖြင့် အာဆီယံဒေသတွင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံဆိုင်ရာ တေးသီချင်းများ ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





## ဝါးထုတ်လုပ်မှုသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ပန်းတိုင်ဖြစ်သော ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုနေ

**နေပြည်တော် စက်တင်ဘာ ၁၈** ဝါးထုတ်လုပ်မှုသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ပန်းတိုင်ဖြစ်သော ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုနေသည့်အပြင် ဝါးသည် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်စေသည့် သဘာဝအရင်းအမြစ်ဖြစ်ပြီး သစ်တောများ ပြန်လည်ထူထောင်ရေးနှင့် ရေဝေရေလဲထိန်းသိမ်းရေး လုပ်ငန်းများကို အထောက်အကူပြုကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည့် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အခမ်းအနားတွင် ပြောကြားသည်။

ယခုနှစ် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့၏ ဆောင်ပုဒ်မှာ "ဝါးကဏ္ဍ ဘက်စုံမြှင့်တင်ဖို့ နယ်ပယ်သစ်များ ချဲ့ထွင်စို့" "Bamboo Beyond Borders" ဖြစ်ပြီး ဝါးသယံဇာတသည် စီးပွားရေးအရ အကျိုးများစွာပေးသည်ကို လူအများသိရှိနိုင်ရန်၊ ဝါးကို အခြေခံသည့် စက်မှု၊ လက်မှုလုပ်ငန်းများကို မြှင့်တင်ပေးရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဝါးကို ရေရှည်တည်တံ့အောင် စနစ်တကျအသုံးပြုနိုင်ရန်နှင့် ပြည်သူများအကြား နီးကြားသည့် အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝါးထုတ်ယူရာတွင် သဘာဝတောများမှ ထာဝစဉ်တည်တံ့စေသော စီမံအုပ်ချုပ်မှုနည်းစနစ်များကို အခြေခံပြီး ဆောင်ရွက်ရန်၊ အရည်အသွေးကောင်းသည့် ဝါးမျိုးစိတ်များဖြင့် ဝါးစိုက်ခင်းများ စနစ်တကျတည်ထောင် စိုက်ပျိုးသွားရန်၊ ဝါးကို အခြေခံသည့် MSME လုပ်ငန်းများကို မြှင့်တင်သွားရန်၊ သုတေသန၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ပေါင်းစပ်ပြီး အဆင့်မြှင့်ထုတ်ကုန်များ ထုတ်လုပ်၍နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန်၊ ဝါးစိုက်ပျိုးသူများနှင့် ဒေသခံပြည်သူများအား နည်းပညာနှင့် ဈေးကွက်ချိတ်ဆက်ပေးသွားရန်လည်း မှာကြားခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဝါးသယံဇာတအရင်းအမြစ်များ ရေရှည်ထုတ်လုပ်အသုံးချနိုင်ရေး အထောက်အကူပြုစီမံချက်၊ ဝါးအခြေခံ စက်မှု/ လက်မှု ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးရေး၊ မျှစ်အခြေခံ ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးရေးနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက် မြှင့်တင်ရေးတို့ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ရန်ကင်းမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်လင်း ဦးဆောင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဘားနှင့် စားသောက်ဆိုင်များ၊ Unplugged နှင့် KTV ဆိုင်များအား စက်တင်ဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

လှလှထွေး(မြန်/ဆက်)



## အဝေးသင်သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**
**အဝေးသင် သင်တန်းများစာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ်၊ အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များအား အောက်ပါအတိုင်းကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များ အားလုံး | - | ၁-၁၀-၂၀၂၆ မှ ၇-၁၀-၂၀၂၆ ထိ |
| ဒုတိယအသုတ်အဝေးသင် ဝိဇ္ဇာ အထူးပြုများ (ဘာသာရပ်- အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၂-၁၀-၂၀၂၆ မှ ၃၀-၁၀-၂၀၂၆ ထိ |
| တတိယအသုတ်အဝေးသင်ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၆-၁၁-၂၀၂၆ မှ ၂၅-၁၁-၂၀၂၆ ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## မိုးထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၈** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/ ၂၀၂၆-၂၀၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၈**

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၆-၂၀၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စက်ပစ္စည်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်ပစ္စည်းကြီးကြပ်မှု ကော်မတီသည် နိုင်ငံတော်၏ စက်ပစ္စည်းကဏ္ဍနှင့် ပတ်သက်၍ အရေးပါသောအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ရခြင်းဖြစ်၍ နိုင်ငံတော်အတွက် ကောင်းမွန်သည့် အထောက်အပံ့ဖြစ်စေရန် စက်ပစ္စည်းကြီးကြပ်မှု ကော်မတီ၏ မူဝါဒလုပ်ငန်း တာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်လိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသွင်အောင်၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တင်ပြထားသည့် ရန်ပုံငွေလွှဲပြောင်းအမှုတွဲ တစ်စောင်နှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ တင်ပြထားသည့် စီမံကိန်းတန်ဖိုးပြောင်းအမှုတွဲ တစ်စောင်ကိုအတည်ပြု ဆွေးနွေးခဲ့သည်။

ထို့ပြင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ဆပ်ကော်မတီ လေးခု၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်ရန် အချက်များကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာရပ်ဆိုင်ရာများ လေ့လာနိုင်ရန် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့တွင် ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၅ ရက်က ဘယ်လာရုစ်နိုင်ငံ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Ivan Smilgin နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား စိုက်ပျိုး မွေးမြူရေးဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ The Belarusian State Association for livestock breeding "Belplemzhivoboe-dinenie" တွင် General Director နှင့် တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံပြီး နို့စားနွား မျိုးထုတ်လုပ်မှုနှင့် အစာထုတ်လုပ်မှုဆိုင်ရာများကို ဆွေးနွေးကာ နွားမျိုးရည်ထုတ် ဓာတ်ခွဲခန်း အတွင်း ကြည့်ရှုလေ့လာကြသည်။

အလားတူ Minsk Tractor Plant တွင် ထွန်စက်ထုတ်လုပ်မှုနှင့် စက်အလိုက် အရည်အသွေးကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

စက်တင်ဘာ ၁၆ ရက်တွင် The scientific and production center of the national academy of sciences of Belarus for agri-culture ရှိ စိုက်ပျိုးရေးနှင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးမှု၊ မျိုးစေ့ထုတ်လုပ်မှု လုပ်ငန်းများနှင့် စိုက်ပျိုးရေးစနစ်များ၊ တိရစ္ဆာန်မျိုးထုတ်လုပ်ခြင်း လုပ်ငန်းများ၊ သန္ဓေကူးပြောင်း ဓာတ်ခွဲခန်း၊ အာဟာရဗေဒဓာတ်ခွဲခန်းများကိုလည်းကောင်း၊ Zhodino-AgroPlemElita breeding enterprise ၏ နို့စားနွားမွေးမြူရေး၊ တိရစ္ဆာန် အစာထုတ်လုပ်မှုနှင့် နို့ညှစ်လုပ်ငန်းများကိုလည်းကောင်း၊ စက်တင်ဘာ ၁၇ ရက်တွင် The Belarusian National Biotechnology Corporation ၏ တိရစ္ဆာန်အစာထုတ်လုပ်မှု၊ အစာရောစပ် ဖြည့်စွက်အားဆေးများ ထုတ်လုပ်မှု၊ အမိုင်နိုအက်ဆစ်များ ထုတ်လုပ်နေမှုနှင့် JSC Agroko-mbinat Dzerzhinsky ၏ ကြက်မွေးမြူခြင်းနှင့် အသားထုတ်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှု လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခနော်ဖြူမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်သစ်ရွေးချယ်

**ခနော်ဖြူ စက်တင်ဘာ ၁၈**

ရောဝတီတိုင်းဒေသကြီး ခနော်ဖြူမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသို့တင်ပြသည့် လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေး အစီရင်ခံစာအားတင်ပြခြင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသင်းသားစာရင်းစစ်အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။



ထို့နောက် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးအဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ၊ ရောဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်က အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းစာရင်းစစ်အဖွဲ့ ရွေးချယ်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

▼ ***ရှေ့ဖုံးမှ***

ရေဘေးသင့် ပြည်သူများအား ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ နီးစပ်ရာ ဆွေမျိုးများ၏ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်းနှင့် အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ခမောက်ကြီးချောင်းရေ မြင့်တက်မှုကြောင့် ခမောက်ကြီးမြို့အနီး ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်၌ ပေ ၂၀၀ ခန့် ရေကျော်လျက်ရှိသဖြင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး တပ်မတော်သားများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက လမ်းကြောင်းပြအမှတ်အသားများ ပြုလုပ်ပေးခြင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေး လျက်ရှိပြီး ချောင်းရေမြင့်တက်မှု အခြေအနေအား စောင့်ကြည့်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အသင့်စုဖွဲ့စောင့်ကြည့်လျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ။

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၈-၉-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ကျောက်ဆည်(လွန်ကျော်) | ၃၇.၅ | ၉၉.၅ |
| ၂။ | ချောက်မြို့ | ၃၇.၀ | ၉၈.၆ |
| ၃။ | မကွေးမြို့ | ၃၇.၀ | ၉၈.၆ |
| ၄။ | ပခုက္ကူမြို့ | ၃၇.၀ | ၉၈.၆ |
| ၅။ | ဆင်ဖြူကျွန်းမြို့ | ၃၇.၀ | ၉၈.၆ |
| ၆။ | စစ်ကိုင်းမြို့ | ၃၆.၇ | ၉၈.၁ |
| ၇။ | မင်းဘူးမြို့ | ၃၆.၀ | ၉၆.၈ |
| ၈။ | အောင်လံမြို့ | ၃၆.၀ | ၉၆.၈ |
| ၉။ | ကလေးဝမြို့ | ၃၅.၈ | ၉၆.၄ |
| ၁၀။ | ညောင်ဦးမြို့ | ၃၅.၇ | ၉၆.၃ |

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၈**

ယနေ့မွန်းလွဲ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်း၌ စက်တင်ဘာ ၁၉ ရက်တွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေအလားအလာ အစီရင်ခံစာ

ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ အလားအလာ အစီရင်ခံစာ (GEO)သည် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP)၏ အဓိကကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင် အကဲဖြတ်အစီရင်ခံစာတစ်ခုဖြစ်သည်။ သိပ္ပံနှင့် မူဝါဒအကြား ချိတ်ဆက်ပေးသည့် ယန္တရားတစ်ခုအဖြစ်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းရှိ သိပ္ပံပညာရှင်များ၊ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်အဖြစ်လည်းကောင်း၊ ပတ်ဝန်းကျင်အခြေအနေ၊ မူဝါဒများ၏ ထိရောက်မှုနှင့် အနာဂတ်အလားအလာများကို အကဲဖြတ်သည့်စနစ်အဖြစ်လည်းကောင်း ရည်ရွယ်ပြီး ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ အလားအလာ အစီရင်ခံစာများ (GEO)ကို ပြုစုထုတ်ဝေခဲ့ပါသည်။

သစ်တောမောင်

၂၀၂၅ ခုနှစ်တွင် ထုတ်ဝေခဲ့သော သတ္တမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေအလားအလာ အစီရင်ခံစာ (Global Environment Outlook 7 (GEO-7) သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်အတွင်း ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေကို သိပ္ပံနည်းကျ အကဲဖြတ်တင်ပြလာခဲ့သော အရေးပါဆုံး ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာတစ်ခုလည်း ဖြစ်သည်။ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများသည် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအတွက်သာမက စီးပွား ရေးဖွံ့ဖြိုးမှု၊ စားရေရိက္ခာဖူလုံရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးတို့ နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပြီး နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခွဲခြား၍မရသော အရေးကိစ္စများဖြစ်ပါသည်။ GEO-7 အစီရင်ခံစာ၏ အဓိကခေါင်းစဉ်သည် **"ကျွန်တော်တို့ရွေးချယ်သော အနာဂတ်" (The Future We Choose)** ဖြစ်သည်။

**ကမ္ဘာကြီး ရင်ဆိုင်နေရသော သုံးပွင့်ဆိုင်အကျပ်အတည်း**

GEO-7 အစီရင်ခံစာအရ ယနေ့ကမ္ဘာကြီးတွင် လက်ရှိဖြစ်ပေါ်နေသော ပတ်ဝန်းကျင်ဆိုင်ရာ အဓိကသုံးပွင့်ဆိုင်အကျပ်အတည်း (Triple Planetary Crisis) သုံးခုကို အောက်ပါအတိုင်း ဖော်ထုတ်ထားသည်-

(က) ရာသီဥတုပြောင်းလဲခြင်း၊
(ခ) ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးခြင်းနှင့် ဂေဟစနစ်ယိုယွင်းပျက်စီးခြင်းနှင့်
(ဂ) ပတ်ဝန်းကျင်ညစ်ညမ်းခြင်းနှင့် စွန့်ပစ်ပစ္စည်းပြဿနာများ။

ဤအကျပ်အတည်းများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်နွယ်လျက်ရှိပြီး လူသားတို့၏ စားရေရိက္ခာဖူလုံရေး၊ ရေဖူလုံရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိပါသည်။

**၁။ ရာသီဥတုပြောင်းလဲမှု။** ရာသီဥတုပြောင်းလဲမှုသည် ဖွံ့ဖြိုးရေး



အတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုဖြစ်သည်။ စက်မှုတော်လှန်ရေး မတိုင်မီကာလနှင့်နှိုင်းယှဉ်ပါက ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်ခန့် မြင့်တက်လာပြီးဖြစ်သည်။ GEO-7 အစီရင်ခံစာအရ လက်ရှိအခြေအနေအတိုင်း ဆက်လက်ဖြစ်သွားပါက ရာစုအကုန်တွင် ကမ္ဘာ့အပူချိန် ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်မှ ၃ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။ ယင်းအခြေအနေသည် စားရေရိက္ခာထုတ်လုပ်မှု ကျဆင်းခြင်း၊ ရေရှားပါးမှု ပိုမိုဆိုးရွားလာခြင်း၊ စီးပွားရေးဆုံးရှုံးမှုများနှင့် သဘာဝဘေးအန္တရာယ်များ တိုးမြင့်လာခြင်းတို့ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

> သစ်တောပြုန်းတီးမှု၊ စိုက်ပျိုးမြေချဲ့ထွင်မှု၊ အလွန်အကျွံသယံဇာတထုတ်ယူမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ရာသီဥတုပြောင်းလဲမှု၊ ပြင်ပမျိုးစိတ်များ ဝင်ရောက်ပျံ့နှံ့မှုတို့ကြောင့် သဘာဝဂေဟစနစ်များ ပျက်စီးဆုံးရှုံးလျက်ရှိသည်။ သုတေသနတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်းရှိ ဂေဟစနစ်များတွင် ဒေသအလိုက် မျိုးစိတ်ကြွယ်ဝများမှုသည် ပျမ်းမျှအားဖြင့် ၂၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပြီးဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် မျိုးစိတ်ရှစ်သန်းအနက် မျိုးစိတ်တစ်သန်းသည် လက်ရှိတွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေပြီး ဆယ်စုနှစ်များအတွင်း ထပ်မံတိုးပွားလာနိုင်သည်ဟု ခန့်မှန်းထား

ကမ္ဘာကြီးပူနွေးလာမှုကို ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်အထိ လျှော့ချကန့်သတ်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၁၉ ခုနှစ် အဆင့်များနှင့် နှိုင်းယှဉ်ပါက ၂၀၃၀ ပြည့်နှစ်တွင် ၄၂ ရာခိုင်နှုန်းနှင့် ၂၀၃၅ ခုနှစ်တွင် ၅၇ ရာခိုင်နှုန်း လျှော့ချရမည်ဖြစ်သည်။

**၂။ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုနှင့် ဂေဟစနစ်ပျက်စီးမှု။** သစ်တောပြုန်းတီးမှု၊ စိုက်ပျိုးမြေချဲ့ထွင်မှု၊ အလွန်အကျွံသယံဇာတထုတ်ယူမှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ရာသီဥတု ပြောင်းလဲမှု၊ ပြင်ပမျိုးစိတ်များ ဝင်ရောက်ပျံ့နှံ့မှုတို့ကြောင့် သဘာဝဂေဟစနစ်များ ပျက်စီးဆုံးရှုံးလျက်ရှိသည်။ သုတေသနတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်းရှိ ဂေဟစနစ်များတွင် ဒေသအလိုက် မျိုးစိတ်ကြွယ်ဝများမှုသည် ပျမ်းမျှအားဖြင့် ၂၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပြီးဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် မျိုးစိတ် ရှစ်သန်းအနက် မျိုးစိတ်တစ်သန်းသည် လက်ရှိတွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေပြီး ဆယ်စုနှစ်များအတွင်း ထပ်မံတိုးပွားလာနိုင်သည်ဟု ခန့်မှန်းထားပါသည်။ ၂၀၁၅ မှ ၂၀၁၉ ခုနှစ်အတွင်း မြေဩဇာကောင်းမွန်ပြီး






ထုတ်လုပ်မှုကောင်းသော မြေဧရိယာဟက်တာ သန်း ၁၀၀ ကျော်သည် နှစ်စဉ်ဆုံးရှုံးခဲ့ရသည်။

**၃။ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်းပြဿနာ။** ပတ်ဝန်းကျင်ညစ်ညမ်းမှုသည် အထူးသတိထားရမည့် ကမ္ဘာ့အန္တရာယ်တစ်ခုဖြစ်သည်။ လေထုညစ်ညမ်းမှု၊ ပလတ်စတစ်ညစ်ညမ်းမှု၊ ဓာတုပစ္စည်း ညစ်ညမ်းမှု၊ အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်း စွန့်ပစ်ပစ္စည်းများသည် အဓိကညစ်ညမ်းမှုများဖြစ်သည်။

ပလတ်စတစ်စွန့်ပစ်ပစ္စည်းတန်ချိန် သန်းပေါင်းများစွာသည် နှစ်စဉ်ပင်လယ်နှင့် မြစ်ချောင်းများအတွင်း ရောက်ရှိနေပြီး ရေနေ



သတ္တဝါများကို ထိခိုက်စေလျက်ရှိသည်။ ပလတ်စတစ်ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၄၇၅ သန်းမှ ၂၀၆၀ ပြည့်နှစ်တွင် မက်ထရစ်တန်ချိန် ၁၂၀၀ အထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ကျန်းမာရေးနှင့်ဆက်စပ်သော စီးပွားရေးဆုံးရှုံးမှုများသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံကျော်ရှိသည်။

ယနေ့ ကမ္ဘာပေါ်တွင် နှစ်စဉ် လူသန်းပေါင်း များစွာသေဆုံးရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုမှာ လေထုညစ်ညမ်းမှုဖြစ်သည်။ လေထုအရည်အသွေးအနေဖြင့် ကမ္ဘာ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်း သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စံသတ်မှတ်ချက်ဖြစ်သည့် 5µg/m3 ထက် ကျော်လွန်သော အမှုန်အမွှား ($PM_{2.5}$)များကို ထိတွေ့နေရသည်။ ၂၀၂၁ ခုနှစ်တွင် လေထုညစ်ညမ်းမှုကြောင့် ခန့်မှန်းခြေ အားဖြင့် လူဦးရေ ၈ ဒသမ ၁ သန်း သေဆုံးခဲ့သည်။ နှစ်စဉ်အစိုင်အခဲ စွန့်ပစ်ပစ္စည်းများသည် လက်ရှိတွင် တန်ချိန် ၂ ဘီလီယံထက်ကျော်လွန်ပြီး ၂၀၅၀ ပြည့်နှစ်တွင် တန်ချိန် ၃ ဒသမ ၈ ဘီလီယံအထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

❑ ***ရွှေ့ဖုံးမှ***

ယနေ့နံနက်မှ စက်တင်ဘာ ၂၂ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲကျင်းပ



**နေပြည်တော်  စက်တင်ဘာ  ၁၈**

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Risk Reduction – IDDRR) အထိမ်းအမှတ်အဖြစ် အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ပါဝင်ယှဉ်ပြိုင်**

ပြိုင်ပွဲကို "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှ စတင်စို့" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်း ၂၉ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၇ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါပန်းချီပြိုင်ပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲတွင် ဆုရရှိသူများကို အောက်တိုဘာ ၁၃ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လယ်ဝေးမြို့နယ်၌ လယ်ယာသီးနှံများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး အသိပညာပေးဆွေးနွေး

**နေပြည်တော်  စက်တင်ဘာ  ၁၈**

နေပြည်တော် လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ ယနေ့နံနက်ပိုင်းက စပါး၊ ပဲမျိုးစုံနှင့်လယ်ယာသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇော်၊ ညွှန်ကြားရေးမှူး များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လယ်ဝေး၊ ပျဉ်းမနား၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိမြို့နယ်တို့မှ တောင်သူများ၊ ပိုးသတ်ဆေးတင်သွင်းရောင်းချသော ကုမ္ပဏီများနှင့် အရောင်းဆိုင်များမှ တာဝန်ခံများ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပိုးသတ်ဆေးကင်းစင်ရေးသည် စားသုံးသူများ စိတ်ချစွာစားသုံးနိုင်ခြင်း၊ လူနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေခြင်းနှင့် ကျန်းမာစွာ အသက်ရှည်နိုင်ရေး အထူးအရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ပိုးမွှားများဖျက်ဆီးတတ်ရာ ပိုးသတ်ဆေးဖြင့် ကာကွယ်ရာတွင် ဆေးညွှန်းအတိုင်းလိုက်နာခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း၊ ထိုသို့သတ်မှတ်ပမာဏ၊ အချိန်တို့ကို လိုက်နာခြင်းဖြင့် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်သော လယ်ယာသီးနှံထွက်ကုန်များရရှိလာပြီး ကမ္ဘာ့ဈေးကွက်တွင် ရောင်းချနိုင်မည်ဖြစ်၍ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး လိုက်နာဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကိုရီးယား –မြန်မာ စီးပွားရေး လုံခြုံမှုဆိုင်ရာ သုတေသနအသင်း စတင်ဖွဲ့စည်းတည်ထောင်ခြင်းအထိမ်းအမှတ် စီးပွားရေးဖိုရမ်ကျင်းပ

**ဆိုးလ်  စက်တင်ဘာ  ၁၈**

ကိုရီးယား–မြန်မာစီးပွားရေး လုံခြုံမှုဆိုင်ရာ သုတေသနအသင်း (Korea–Myanmar Association for Economic & Security Studies – KMAESS) ၏ စတင်ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်ပြုလုပ်သည့် စီးပွားရေးဖိုရမ်ကို စက်တင်ဘာ ၁၅ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ LS Tower (MIR Hall) ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Mr. Lim Jong–deck ၊ ဆိုးလ်မြို့ မြန်မာသံရုံး ယာယီတာဝန်ခံ/ သံအမတ်ကြီး ဦးမျိုးမြင့်မောင်**(အပေါ်ယာပုံ)**နှင့် ကိုရီးယားနိုင်ငံ ကာကွယ်ရေး သံတမန်ရေးရာအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။





ထို့နောက် KMAESS ဥက္ကဋ္ဌ Mr. Choi Shin Il က ကျေးဇူးတင်စကားပြောကြားပြီး ကိုရီးယား–မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုအောင်မြင်စေရန်နှင့် KMAESS ဖွဲ့စည်းတည်ထောင်ရာတွင် စိတ်အားတက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ပေးခဲ့သူ မြန်မာသံရုံး ယာယီတာဝန်ခံ/ သံအမတ်ကြီးအား ကျေးဇူးတင်အသိအမှတ်ပြုတံဆိပ် ပေးအပ်ပြီး အခမ်းအနားကို ဆက်လက်ဆောင်ရွက်ကြသည်။

KMAESS သည် ကိုရီးယားသမ္မတနိုင်ငံ စက်မှု၊ ကုန်သွယ်ရေးနှင့် သယံဇာတဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အကျိုးအမြတ်မယူသော တရားဝင် Think Tank အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်ထားပြီး ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးလုံခြုံမှုဆိုင်ရာနားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန်၊ သုတေသနနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးဖလှယ်မှုများ မြှင့်တင်ရန်နှင့် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးရှိမည့် ပူးပေါင်း ဆောင်ရွက်မှုများ ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ထန်းတပင်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း ဖွင့်လှစ်

**ထန်းတပင်  စက်တင်ဘာ  ၁၈**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဥပဒေရုံး၏ကြီးကြပ်မှုဖြင့် သီရိရတနာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယမန့်နေ့က ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆)ကို ဖွင့်လှစ်ရာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဟန်နီဇော်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေများနှင့် ပြည်သူ့စစ်မှုထမ်း ဥပဒေများ အကြောင်းတို့ကို ပြောကြားပြီး ရပ်ကွက် အုပ်ချုပ်ရေးမှူးက လောင်းကစားနှင့် ပတ်သက်သည့် ဥပဒေများ အကြောင်းတို့ကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်အတွင်းရှိ ပြည်သူ အမျိုးသား ၂၀ နှင့် အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၄၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား**

လျှပ်စစ်ကို
ချွေတာသုံးစွဲခြင်းဖြင့်
မီတာခများများ
ကျသင့်ခြင်းမှ
ရှောင်ရှားပါ




## ဘားအံမြို့နယ်၌ ကမ္ဘာ့လူနာဘေးကင်းလုံခြုံရေးနေ့ အခမ်းအနားကျင်းပ

**ဘားအံ  စက်တင်ဘာ  ၁၈**

စက်တင်ဘာ ၁၇ ရက်တွင် ကျရောက်သည့် ကမ္ဘာ့လူနာဘေးကင်းလုံခြုံရေးနေ့ကို စက်တင်ဘာ ၁၆ ရက်က ကရင်ပြည်နယ် ဘားအံမြို့နယ် ရသေ့ပုံကျေးရွာ ကျေးလက် ကျန်းမာရေးဌာန၌ ကျင်းပခဲ့သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့လူနာများ ဘေးကင်း လုံခြုံရေးနေ့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ Safe care for life ဟူသော ဆောင်ပုဒ်ခွဲဖြင့် မကူးစက်နိုင်သော ရောဂါရှိသူများအား ဘဝတစ်လျှောက် ကျန်းမာရေးစောင့်ရှောက်မှု ပေးရာတွင် ဘေးကင်း လုံခြုံမှုရှိစေရေးကို ရည်ရွယ်ခြင်းဖြစ်သည်။

အဆိုပါကမ္ဘာ့လူနာဘေးကင်းလုံခြုံရေးနေ့ကို ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျန်းမာရေးအသိပညာပေးကြပြီး သွေးတိုးလူနာ ၂၃ ဦး၊ ဆီးချိုသွေးချိုလူနာ ၁၅ ဦး၊ အခြားအထွေထွေရောဂါ ၈၅ ဦးတို့အား ကြည့်ရှုကုသပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ဇနီး နီကာရာဂွါ သမ္မတနိုင်ငံ၏ (၂၀၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော့ခံပွဲ တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၁၈**

နီကာရာဂွါသမ္မတနိုင်ငံ၏ (၂၀၅) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညှော့ခံပွဲကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ဇနီးတို့ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် နီကာရာဂွါသမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။




အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မကျီးပင်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

**ပြင်ပပြကွက်များလေ့လာ**

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး(ဝဲပုံ) အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်းရှင်းလင်း ပြောကြားသည်။ ယင်းနောက် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

**စိတ်ဝင်စားစွာကြည့်ရှု**

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြပြီး ကျောင်းသား ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**တောင်ငူ စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တောင်ငူမြို့နယ် ငါးဖယ်အင်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့ကကျင်းပရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဆည်မြောင်းထိန်းသိမ်းရေး၊ ဆည်မြောင်းတည်ဆောက်ရေး - ၅ နှင့် မြို့နယ်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများက တစ်ဦးချင်းဆွေးနွေးကြသည်။



ထို့နောက် တက်ရောက်လာကြသော ပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ဒေသခံပြည်သူ ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ဖုန်း(ပြန်/ဆက်)**

# အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်းမှ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ပြည် စက်တင်ဘာ ၁၈**

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်းမှ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၆ ရက်နံနက်ပိုင်းက ပြည်မြို့ရှိ အမှတ်(၆) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀) ၌ ပြုလုပ်ခဲ့သည်။

အဆိုပါသွေးလှူဒါန်းရာတွင် အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးကြီး စိုးမြင့်ဦး ဦးဆောင်၍ သင်တန်းသား ၃၀ တို့က ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ အရေးပေါ် သွေးလိုအပ်ချက်ကြုံတွေ့ရပါက အချိန်မီအသုံးပြုနိုင်ရေးအတွက် စေတနာထက်သန်စွာဖြင့် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝဏ္ဏာထွန်း(ပြန်/ဆက်)**



**သင့်သွေးဖြင့် အသက်ကယ်ပါ**

# လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များအား ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် အသက် ၁၈ နှစ် ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် နိုင်ငံသားများ၊ အသက် (၁၀) နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Unique ID ကောက်ယူခြင်း လုပ်ငန်းကို လမင်းစီမံချက်ဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ညောင်ပင်တွင် ယနေ့နံနက် ၁၀ နာရီက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့သည်။



ပေးအပ်ပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးကျော် ဦးဆောင်၍ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၁၆၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

**ဖြိုးစန္ဒာ(ဆိပ်ကမ်း)**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦး၊ ဒုတိယဥက္ကဋ္ဌများ၊ လုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ (အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်)၊ လုပ်ငန်းအဖွဲ့အတွင်းရေးမှူး (ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့)နှင့် လုပ်ငန်းအဖွဲ့ဝင်များမှ တာဝန်ရှိသူများ၊ အုပ်စုလိုက်ပူးပေါင်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်တို့ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် AML/CFT ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအစီအမံ (Action Plan) များ တိုးတက်အောင်မြင်စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် (၁၈)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာ (18th Progress Report) အထိ ရေးသားတင်ပြပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ပန်းတိုင်ရောက်ရန်



အနီးစပ်ဆုံးအခြေအနေကို ရောက်ရှိနေပြီဖြစ်၍ ကျန်ရှိနေသည့် Action Item နှစ်ချက်ကိုလည်း သတ်မှတ်စံနှုန်းများအတိုင်း Largely Addressed အဆင့်ရရှိအောင် အရှိန်အဟုန်မပျက် ဆက်လက်တွန်းအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကျန်ရှိနေသောအရေးကြီး Action Plan နှစ်ချက်ဖြစ်သည့် Action Plan ၆.၃ နှင့် Action Plan ၇.၁ တို့ကို ပိုမိုအာရုံစိုက်ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များအတွက် အစီအမံများရေးဆွဲဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အစိုးရဌာနများနှင့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ ကြီးကြပ်ရေးအာဏာပိုင်များအားလုံး အချင်းချင်းအကြား သတင်းအချက်အလက်ပူးပေါင်းဖလှယ်မှုနှင့် ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်မှုကို အင်တိုက်အားတိုက် တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ လိုက်နာမှုပိုမိုအားကောင်းလာစေရေးနှင့် အမည်မည်းစာရင်းမှ လွတ်မြောက်ရေးအတွက် ကျန်ရှိနေသည့်အစီအမံများကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မြန်မာနိုင်ငံအနေဖြင့် အာရှ-ပစိဖိတ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (APJG) အစည်းအဝေးများကို အစဉ်တစိုက်တက်ရောက်၍ မြန်မာနိုင်ငံအား အမည်မည်းစာရင်းမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုအခြေအနေ၊ ကျန်ရှိသော Action Item နှစ်ခု အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်သင့်သည့်အချက်များအား ပြုစုတင်ပြခြင်းတို့ကို အချိန်မီ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ FATF ၏ Action Plan Item များအနက် ဆောင်ရွက်ရမည့်အချက်များနှင့်စပ်လျဉ်း၍ (၁၈)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာနှင့်ပတ်သက်သည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိမှုအခြေအနေများ၊ အဖွဲ့ဝင်အချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး (Mutual Evaluation-ME) လုပ်ငန်းစဉ် (၂၀၂၈-၂၀၃၀) ဆောင်ရွက်မည့် အစီအမံများ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် Action Item နှစ်ခုအား အောင်မြင်စွာဆောင်ရွက်နိုင်ရေးကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကမမောင်းမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**ကမမောင်း စက်တင်ဘာ ၁၈**

ကရင်ပြည်နယ် ကမမောင်းမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက ကမမောင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်း၊ မြို့နယ်ဥပဒေအရာရှိ ဦးသန့်ဇင်အောင်တို့ တက်ရောက်ကြပြီး ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း(ToT) သင်တန်းဆင်းရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက သင်တန်းသား ၇၀ ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေတို့ကို ဆွေးနွေးပို့ချကာ သင်တန်းသားများ၏ မေးမြန်းမှုများကို မြို့နယ်ဥပဒေအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး အဆိုပါ ဥပဒေအသိပညာဆင့်ပွားရေးသင်တန်းအား စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ထားဝယ်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေး

**ထားဝယ် စက်တင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မဟာရွှေဂုဏ်ထူး ကိုယ်ပိုင်အထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ ကျောင်းသား ကျောင်းသူများ စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်ရန်လိုအပ်ပြီး ကျောင်းစာများအပြင် ပြင်ပကလာရောက်ဟောပြော ပို့ချပေးသော အသိပညာဗဟုသုတများကို စိတ်ပါဝင်စားစွာ လိုက်နာမှတ်သားရန်ပြောကြားပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ခေါင်းဆောင်မှု၊ လူငယ်နှင့်မျိုးချစ်စိတ်ဓာတ်၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်အောင်မြင်ခြင်း စသည့် ခေါင်းစဉ်များဖြင့် အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော သုတရသစာအုပ်စာစောင်များ၊ အသိပညာပေး ပိုစတာများကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မွေးမြူရေးဇုန်များ၏ အင်အားဖြင့် ရန်ကုန်၏ စားနပ်ရိက္ခာဖူလုံရေး

**ဒေါက်တာခင်စန္ဒာလွင် (မွေး/ကု)**

*(ယမန်နေ့မှအဆက်)*

**မျိုးကောင်းမျိုးသန့် - အရေအတွက်ထက် အရည်အသွေး**

တိရစ္ဆာန်အရေအတွက် များပြားလာခြင်းသည် ထုတ်လုပ်မှုတိုးတက်ခြင်းနှင့် တစ်ထပ်တည်း မဟုတ်ပေ။ တိရစ္ဆာန်တစ်ကောင်သည် အစာများစွာ စားသော်လည်း အသားထွက်နှုန်းနည်းလျှင် စီးပွားရေးအရ ထိရောက်မှုမရှိနိုင်ပေ။ ကြက်အရေအတွက် များပြားသော်လည်း ဥထွက်နှုန်းနည်းပါကလည်း စားနပ်ရိက္ခာဖူလုံရေးအပေါ် အကျိုးသက်ရောက်မှု နည်းမည်ဖြစ်သည်။ ထို့ကြောင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်မွေးမြူခြင်း၊ မျိုးမြှင့်တင်ခြင်းနှင့် တိရစ္ဆာန်များ၏ မျိုးရိုးဗီဇဆိုင်ရာ အရည်အသွေးကို မြှင့်တင်ခြင်းတို့ကို အလေးထားရမည်။ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ထုတ်လုပ်နိုင်စွမ်းမြင့်တက်လာခြင်းသည် အစာ၊ ရေ၊ မြေယာနှင့် လုပ်သားအင်အားတို့ကို ပိုမိုထိရောက်စွာ အသုံးချနိုင်စေမည်ဖြစ်သည်။

**ဇီဝလုံခြုံရေး - မမြင်ရသောရန်သူကို ကြိုတင်ကာကွယ်ခြင်း**

မွေးမြူရေးဇုန်များတွင် တိရစ္ဆာန်များ စုစည်းမွေးမြူထားခြင်းကြောင့် ရောဂါများ ကူးစက်ပျံ့နှံ့နိုင်သည့် အန္တရာယ်လည်းရှိသည်။ ရောဂါတစ်ခုသည် ခြံတစ်ခြံတွင်သာ ရပ်တန့်နေမည်ဟု အာမခံ၍ မရနိုင်ပေ။ လူများ၊ ယာဉ်များ၊ အစာများနှင့် တိရစ္ဆာန်များ၏ ရွှေ့ပြောင်းမှုမှတစ်ဆင့် ရောဂါပိုးများ ခြံတစ်ခြံမှ တစ်ခြံသို့ ပျံ့နှံ့နိုင်သည်။ ထို့ ကြောင့် မွေးမြူရေးဇုန်တိုင်းတွင် ဇီဝလုံခြုံရေးကို မဖြစ်မနေ အလေးထားရမည်။ ခြံဝင်ပေါက်များတွင် သန့်ရှင်းပိုးသတ်ရေးစနစ်ထားရှိခြင်း၊ ရောဂါဖြစ် သို့မဟုတ် သံသယရှိသည့် တိရစ္ဆာန်များကို သီးခြားထားရှိခြင်း၊ တိရစ္ဆာန်အသစ်များကို ချက်ချင်းရောနှောမထားဘဲ စောင့်ကြည့်ခြင်းနှင့် တိရစ္ဆာန်ဆေးကုသရေး ဝန်ဆောင်မှုကို ပုံမှန်ရယူခြင်းတို့သည် မရှိမဖြစ် လိုအပ်သည်။

ဤနေရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကွင်းဆင်းဆောင်ရွက်မှုသည် အရေးပါသည်။ ရောဂါဖြစ်ပွားမှုကို စောစီးစွာ သိရှိနိုင်ရေး၊ လိုအပ်သည့် ကျန်းမာရေး ဝန်ဆောင်မှုပေးနိုင်ရေးနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာများကို မွေးမြူရေးလုပ်ငန်းရှင်များထံ လက်တွေ့ကျကျ ဖြန့်ဝေပေးနိုင်ရေးတို့သည် စားနပ်ရိက္ခာထုတ်လုပ်မှုကို မပြတ်တောက်စေရန် အခြေခံကျသော လုပ်ငန်းများဖြစ်သည်။

**မွေးမြူရေးမှ စားပွဲပေါ်အထိ**

မွေးမြူရေးလုပ်ငန်း၏ ခရီးသည် မွေးမြူရေးခြံတွင် မဆုံးပါ။ နွားခြံမှ နို့တစ်ခွက်သည် စားသုံးသူ၏ စားပွဲပေါ်သို့ ရောက်ရှိရန် စုဆောင်းခြင်း၊ သန့်စင်ခြင်း၊ အအေးခံသိုလှောင်ခြင်း၊ သယ်ယူခြင်းနှင့် ဖြန့်ဖြူးခြင်း စသည့်အဆင့်များကို ဖြတ်သန်းရသည်။ ကြက်ခြံမှ ထွက်လာသော ဥတစ်လုံးလည်း ထိုနည်းတူပင်ဖြစ်သည်။

ထို့ကြောင့် မွေးမြူရေးဇုန်များ ဖွံ့ဖြိုးရေးနှင့်အတူ အအေးခန်းသိုလှောင်ရေး၊ သန့်ရှင်းစွာထုပ်ပိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဈေးကွက်ချိတ်ဆက်ရေးတို့ကိုပါ တစ်ပြိုင်နက်တည်း ဖော်ဆောင်ရမည်။

ထုတ်လုပ်သူထံမှ စားသုံးသူထံသို့ လမ်းကြောင်းတိုလာလေလေ ထုတ်ကုန်၏ လတ်ဆတ်မှုနှင့် အရည်အသွေးကို ထိန်းသိမ်းနိုင်လေလေဖြစ်သည်။

**တန်ဖိုးမြှင့်ထုတ်လုပ်ရေး - နို့တစ်ခွက်ထက် ပိုသောတန်ဖိုး**

နို့ကို နို့အဖြစ်သာ ရောင်းချခြင်းထက် ဒိန်ချဉ်၊ ချိစ်နှင့် အခြားနို့ထွက်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ပါက တန်ဖိုးပိုမိုမြင့်တက်လာနိုင်သည်။ အသားကိုလည်း အသားကုန်ကြမ်းအဖြစ်သာ ရောင်းချခြင်းမဟုတ်ဘဲ သန့်ရှင်းစွာ ပြုပြင်ထုပ်ပိုးပြီး အဆင်သင့်စားသုံးနိုင်သော ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည်။ ဥများကိုလည်း အရည်အသွေးအလိုက် ခွဲခြား၍ သန့်ရှင်းစွာ ထုပ်ပိုးရောင်းချနိုင်သည်။ ဤသို့ထုတ်လုပ်မှုမှ တန်ဖိုးမြှင့်ထုတ်လုပ်မှုသို့ ရွှေ့ပြောင်းနိုင်ခြင်းသည် မွေးမြူရေးလုပ်ငန်းရှင်များ၏ ဝင်ငွေတိုးတက်စေရုံသာမက ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းတို့တွင် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**နည်းပညာနှင့် မွေးမြူရေး**

ယနေ့ခေတ်တွင် **“မွေးမြူရေး”** ဆိုသည်မှာ တိရစ္ဆာန်များကို အစာကျွေးပြီး ကြည့်ရှုစောင့်ရှောက်ရုံမျှ မဟုတ်တော့ပေ။ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ကိုယ်အလေးချိန်၊ အစာစားသုံးမှု၊ နို့ထွက်နှုန်း၊ ဥထွက်နှုန်း၊ ရောဂါဖြစ်ပွားမှုနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်တို့ကို မှတ်တမ်းတင်၍ ခွဲခြမ်းစိတ်ဖြာရန် လိုအပ်လာသည်။ အပူချိန်ထိန်းချုပ်မှု၊ လေဝင်လေထွက်၊ အစာကျွေးစနစ်၊ ရေဖြန့်ဖြူးမှုနှင့် အညစ်အကြေးစီမံခန့်ခွဲမှုတို့တွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ပါက ထုတ်လုပ်မှုထိရောက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။ သို့သော် နည်းပညာသည် မွေးမြူရေးသမား၏ လက်တွေ့အတွေ့အကြုံနှင့် ပေါင်းစပ်နိုင်မှသာ အကျိုးရှိမည်ဖြစ်သည်။ ထိုပေါင်းစပ်မှုကို အကောင်အထည်ဖော်ပေးနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကဲ့သို့သော သက်ဆိုင်ရာဌာနများ၏ နည်းပညာပံ့ပိုးမှုနှင့် ကွင်းဆင်းလမ်းညွှန်မှုများသည် အရေးပါသည်။

**မြေပြင်မှစတင်သည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အခန်းကဏ္ဍ**

မွေးမြူရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဆောက်အအုံများ တည်ဆောက်ပေးရုံဖြင့် မပြီးဆုံးနိုင်ပေ။ တိရစ္ဆာန်များ ကျန်းမာရေးကောင်းမွန်မှသာ ထုတ်လုပ်မှုကောင်းမွန်မည်ဖြစ်ပြီး ထုတ်လုပ်မှုကောင်းမွန်မှသာ စားနပ်ရိက္ခာဖူလုံရေးအတွက် အမှန်တကယ်အထောက်အကူပြုနိုင်မည် ဖြစ်သည်။ ထိုအတွက် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် မွေးမြူရေးဇုန်များအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိရစ္ဆာန်ကျန်းမာရေးကောင်းမွန်စေရန် မြေပြင်ကွင်းဆင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေးခြံများအတွင်း တိရစ္ဆာန်ကျန်းမာရေးအခြေအနေများကို စောင့်ကြည့်စစ်ဆေးခြင်း၊ ရောဂါဖြစ်ပွားမှုနှင့် ရောဂါအန္တရာယ်များကို စောစီးစွာသိရှိနိုင်ရေး ဆောင်ရွက်ခြင်း၊ လိုအပ်သည့် တိရစ္ဆာန်ဆေးကုသရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်ခြင်းတို့အပြင် ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ဇီဝလုံခြုံရေးဆိုင်ရာ အသိပညာများကို မွေးမြူရေးလုပ်ငန်းရှင်များထံ လက်တွေ့ကျကျ ဖြန့်ဝေပေးလျက်ရှိသည်။ ထို့အပြင် ခေတ်မီမွေးမြူရေးနည်းစနစ်များ အသုံးချနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များကို စနစ်တကျ အသုံးပြုနိုင်ရေး၊ အစာအာဟာရစီမံခန့်ခွဲမှု ကောင်းမွန်ရေးနှင့် တိရစ္ဆာန်ကျန်းမာရေးကို အလေးထားဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်သည့်နည်းပညာနှင့် လမ်းညွှန်မှုများကို ကွင်းဆင်းပေးလျက်ရှိသည်။

ဤသို့ မွေးမြူရေးသမားများနှင့် တစ်သားတည်း မြေပြင်တွင် လက်တွဲဆောင်ရွက်ခြင်းသည် မွေးမြူရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို အချိန်မီသိရှိနိုင်စေပြီး လက်တွေ့လိုအပ်ချက်နှင့် ကိုက်ညီသော ဖြေရှင်းမှုများကို ဖော်ဆောင်ပေးနိုင်စေသည်။ ထို့ကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လုပ်ငန်းသည် **“ကုသပေးခြင်း”** တစ်ခုတည်းမဟုတ်ပေ။ ကာကွယ်ခြင်း၊ စောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်း၊ နည်းပညာပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် လက်တွဲဆောင်ရွက်ခြင်းတို့ကို ပေါင်းစပ်ထားသည့် စားနပ်ရိက္ခာထုတ်လုပ်ရေး၏ အခြေခံဝန်ဆောင်မှုတစ်ရပ် ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်၏ မွေးမြူရေးအနာဂတ်ကို တည်ဆောက်ခြင်း**

မွေးမြူရေးဇုန်များ အောင်မြင်ရန် အစိုးရတစ်ရပ်တည်းနှင့် မဆောင်ရွက်နိုင်သကဲ့သို့ လုပ်ငန်းရှင်များတစ်ဖက်တည်းဖြင့်လည်း မလုံလောက်ပေ။ အစိုးရနှင့် သက်ဆိုင်ရာဌာနများက လမ်း၊ ရေ၊ လျှပ်စစ်၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် လိုအပ်သော မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများကို ပံ့ပိုးပေးရမည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကျန်းမာရေး၊ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် မွေးမြူရေးနည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို မြေပြင်အထိ ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်။

ပုဂ္ဂလိကကဏ္ဍက အရင်းအနှီး၊ နည်းပညာနှင့် စီးပွားရေးစီမံခန့်ခွဲမှုတို့ကို ယူဆောင်လာရမည်။ မွေးမြူရေးလုပ်ငန်းရှင်များကလည်း အရည်အသွေးကောင်းမွန်ပြီး ဘေးကင်းသန့်ရှင်းသော ထုတ်ကုန်များ ထုတ်လုပ်ရန် တာဝန်ယူရမည်။ ပညာရှင်များက သုတေသနနှင့် နည်းပညာများ ပံ့ပိုးပေးရမည်။ ထိုအင်အားစုများအားလုံး တစ်နေရာတည်းတွင် ပေါင်းစည်းနိုင်သည့်အခါ ရန်ကုန်တိုင်းဒေသကြီး၏ မွေးမြူရေးကဏ္ဍသည် ထုတ်လုပ်မှုတိုးတက်ရုံသာမက အရည်အသွေး၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှုနှင့် ရေရှည်တည်တံ့မှုတို့ကိုပါ ပိုမိုခိုင်မာလာမည် ဖြစ်သည်။

ညနေခင်းနေ အနောက်ဘက်သို့ ဝင်ရောက်သွားချိန်တွင်ပင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသော မွေးမြူရေးသမားများ၏ လက်များ မနားနိုင်သေးပေ။ ကြက်ခြံကို စောင့်ကြည့်၊ နွားများကို အစာကျွေး၊ ရေတိုက်ကာ နောက်တစ်နေ့အတွက် ပြင်ဆင်နေကြဆဲဖြစ်သည်။ ထိုလက်များသည် သာမန်လက်များ မဟုတ်။ ပြည်သူတို့၏ စားပွဲပေါ်သို့ အသား၊ ဥနှင့် နို့များ ရောက်ရှိလာစေမည့် လက်များပင်ဖြစ်သည်။

စားရေရိက္ခာဖူလုံရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရကဖော်ဆောင်ပေးသော ညောင်နှစ်ပင်၊ တွံတေး၊ တိုက်ကြီးနှင့် ကော့မှူးမွေးမြူရေးဇုန်များသည် ထုတ်လုပ်မှုအင်အားအဖြစ် ပြောင်းလဲပေးနိုင်မည့် အရေးပါသော အခြေခံများဖြစ်သည်။ မွေးမြူရေးဇုန်များ ဖော်ဆောင်၍ တိရစ္ဆာန်များ မွေးမြူထုတ်လုပ်ရုံဖြင့် မပြီးသေးပေ။ ကျန်းမာသန်စွမ်းသောတိရစ္ဆာန်များ၊ အရည်အသွေးကောင်းမွန်ပြီး ဘေးကင်းလုံခြုံသော ထုတ်ကုန်များနှင့် ရောဂါကင်းစင်၍ သန့်ရှင်းကောင်းမွန်သော မွေးမြူရေးပတ်ဝန်းကျင်တို့ ပြည့်စုံစွာရှိမှသာ စားရေရိက္ခာဖူလုံရေးအတွက် အမှန်တကယ် အကျိုးပြုနိုင်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် မွေးမြူရေးဇုန်များသို့ ကွင်းဆင်း၍ တိရစ္ဆာန်ကျန်းမာရေး စောင့်ကြည့်စစ်ဆေးခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ဇီဝလုံခြုံရေးဆိုင်ရာနည်းပညာပေးခြင်း၊ လိုအပ်သည့် တိရစ္ဆာန်ဆေးကုသရေးဝန်ဆောင်မှုများ ပံ့ပိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား ခေတ်မီမွေးမြူရေးနည်းစနစ်များ လက်တွေ့အသုံးချနိုင်ရန် လမ်းညွှန်ပေးခြင်းတို့ဖြင့် မြေပြင်တွင် တစ်သားတည်း လက်တွဲဆောင်ရွက်ပေးလျက်ရှိသည်။

မွေးမြူရေးသမား၏ ကြိုးစားအားထုတ်မှု၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ နည်းပညာနှင့် ဝန်ဆောင်မှု၊ လုပ်ငန်းရှင်များ၏ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုတို့ ပေါင်းစည်းနိုင်မှသာ ဇုန်တစ်ခုသည် ထုတ်လုပ်ရေးအင်အားတစ်ရပ်အဖြစ် အမှန်တကယ် ရပ်တည်နိုင်မည်ဖြစ်သည်။

ယနေ့ မွေးမြူထားသော တိရစ္ဆာန်တစ်ကောင်သည် မနက်ဖြန်တွင် မိသားစုတစ်စု၏ စားပွဲပေါ်ရှိ ဥတစ်လုံး၊ နို့တစ်ခွက်၊ အသားတစ်ပန်းကန်အဖြစ် ပြောင်းလဲရောက်ရှိလာနိုင်သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများနှင့် ပံ့ပိုးကူညီမှုများဖြင့် ထိုအစားအစာတစ်နပ်ချင်းစီသည် ရန်ကုန်တိုင်းဒေသကြီး၏ စားရေရိက္ခာဖူလုံရေးကို တစ်ဆင့်ချင်းစီ ပိုမိုခိုင်မာစေမည်ဖြစ်သည်။

ထို့ကြောင့် စားရေရိက္ခာဖူလုံမှ ပြည်သူတို့၏ အနာဂတ်ခိုင်မာမည်ဖြစ်ပြီး **“ ရန်ကုန်တိုင်းဒေသကြီးဇုန်များအတွင်း စားရေရိက္ခာဖူလုံဖို့ — မွေးမြူရေး ဆောင်ရွက်စို့။”** ။

**ယနေ့ခေတ်တွင် “မွေးမြူရေး” ဆိုသည်မှာ တိရစ္ဆာန်များကို အစာကျွေးပြီး ကြည့်ရှုစောင့်ရှောက်ရုံမျှ မဟုတ်တော့ပေ။ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ကိုယ်အလေးချိန်၊ အစာစားသုံးမှု၊ နို့ထွက်နှုန်း၊ ဥထွက်နှုန်း၊ ရောဂါဖြစ်ပွားမှုနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်တို့ကို မှတ်တမ်းတင်၍ ခွဲခြမ်းစိတ်ဖြာရန် လိုအပ်လာသည်။ အပူချိန်ထိန်းချုပ်မှု၊ လေဝင်လေထွက်၊ အစာကျွေးစနစ်၊ ရေဖြန့်ဖြူးမှုနှင့် အညစ်အကြေးစီမံခန့်ခွဲမှုတို့တွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ပါက ထုတ်လုပ်မှု ထိရောက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။ သို့သော် နည်းပညာသည် မွေးမြူရေး သမား၏ လက်တွေ့အတွေ့အကြုံနှင့် ပေါင်းစပ်နိုင်မှသာ အကျိုးရှိမည်ဖြစ်သည်။ ထိုပေါင်းစပ်မှုကို အကောင်အထည်ဖော်ပေးနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနကဲ့သို့သော သက်ဆိုင်ရာဌာနများ၏ နည်းပညာပံ့ပိုးမှုနှင့် ကွင်းဆင်းလမ်းညွှန် မှုများသည် အရေးပါ**




## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

လာမည့် စနေ၊ တနင်္ဂနွေ အားလပ်ရက်များတွင် နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်း ဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## မော်လမြိုင်မြို့၌ အဆင့်မြင့် ရေကူးကန်နှင့် ဒိုင်ဗင်ကန် အသစ်တည်ဆောက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈** မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အဆင့်မြင့်ရေကူးကန်နှင့် ဒိုင်ဗင်ကန် အသစ်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအဆင့်မြင့်ရေကူးကန်နှင့် ဒိုင်ဗင်ကန်တည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီတို့သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ရေကူးကန်နှင့် ဒိုင်ဗင်ကန်တည်ဆောက်ရာတွင် နိုင်ငံတကာစံချိန်/ စံညွှန်းများနှင့်အညီ ရေကူးကန် အလျား၊ အနံနှင့် ရေကူးလမ်းကြောင်းများ စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန်၊ သန့်ရှင်းသောရေလုံလောက်စွာရရှိစေရေးနှင့် ရေဆိုးထုတ်လွှတ်မှုစနစ်များကို စနစ်တကျ ထည့်သွင်းတွက်ချက်၍ ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် အားကစားဥယျာဉ်အတွင်း တည်ဆောက်ထားသည့် အားကစားရုံနှင့် ဘောလုံးကွင်း၊ အားကစားသမားအိပ်ဆောင်များ၊ စားရိပ်သာနှင့် ဝန်ထမ်းအိမ်ရာတို့ကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) ရှိ မိုးလုံလေလုံအားကစားရုံများ၊ဘောလုံးကွင်းနှင့် စာသင်ဆောင်များကိုလည်းကောင်း၊ စားရိပ်သာမီးဖိုချောင်အသစ် တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။



ထို့ပြင် ဒုတိယဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တာဝန်အပြင် စေတနာပါပေါင်းထည့်၍ ဆောင်ရွက်သွားရန်၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည့်အတွက် ဝန်ထမ်းကျင့်ဝတ်နှင့် စည်းမျဉ်း/စည်းကမ်းများကို လေးစားလိုက်နာရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပေါင်မြို့နယ်၌ ရထားလမ်းကူးများ စနစ်တကျ ဆောင်ရွက်ထားရှိ

**ပေါင် စက်တင်ဘာ ၁၈**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ ရထားလမ်းတစ်လျှောက် ရထားလမ်းကူး (Level Crossing) များတွင် မောင်းတံဂိတ်များ တပ်ဆင်ထားရှိမှု၊ ဂိတ်စောင့်များ လုပ်ငန်းခွင်အဆင်သင့်ရှိမှုနှင့် တရားမဝင် လမ်းကူးများ ပိတ်သိမ်းထားရှိမှု အခြေအနေများကို ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးသည် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးနှင့် ရထားမောင်းနှင်သွားလာမှု လုပ်ငန်းစဉ်တစ်ရပ်လုံး လုံခြုံစိတ်ချရမှုရှိစေရေး မှာကြားပြီး “ရပ်၊ ကြည့်၊ သွား” သတိပေးအမှတ်အသားနှင့် လမ်းညွှန်ဆိုင်းဘုတ်များ ထင်သာမြင်သာရှိအောင် စိုက်ထူထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

## ကျိုက်မရောမြို့ (မူလွန်) နှောင်လုံကျောင်း၌ မီးဘေးနှင့် သဘာဝဘေးဆိုင်ရာ အသိပညာပေးဆောင်ရွက်

**ကျိုက်မရော စက်တင်ဘာ ၁၈** ကျိုက်မရောမြို့နယ် မီးသတ်ဦးစီးဌာနမှ စူပါအယ်လ်နီညို ကြောင့် ဖြစ်ပေါ်လာနိုင်သော မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက နှောင်လုံကျေးရွာ အမက(မူလွန်) နှောင်လုံကျောင်း၌ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဖြိုးဝေအောင်က စူပါအယ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သော မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ မီးခိုးမြူငွေ့ဆိုင်ရာများကို အသိပညာပေးဟောပြောပြီး ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများအား မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်းများကို လက်တွေ့ဟောပြောပြသခဲ့သည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်

**ချောင်းဆုံ စက်တင်ဘာ ၁၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကညွှတ်အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယမန်နေ့က စတင်ကျင်းပခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ကာယ၊ ဥာဏ ပြိုင်ပွဲအသီးသီး၌ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ကညွှတ်အထကကျောင်း ပညာရတနာခန်းမ၌ ဆုချီးမြှင့်ပွဲကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး တာဝန်ခံဆရာမကြီး ဒေါ်လွင်လွင်အောင်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေချီးမြှင့်ပေးခဲ့ပြီး စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူ ၂၂ ဦး တို့အား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## ငပုတောမြို့၌ အရန်သားဖွားဆရာမ (သစ်လွင်) သင်တန်းဖွင့်ပွဲ ကျင်းပ

**ငပုတော စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ၂၀၂၆ ခုနှစ် အရန်သားဖွားဆရာမ (သစ်လွင်) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က သင်တန်းသူများထံ ဝတ်စုံစရိတ် ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး သင်တန်းသားများအား တာဝန်ရှိသူများက သင်တန်းပို့ချပေးကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**



# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁၃)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ထိုက်တန်စွာချီးမြှင့်ပေးအပ်




**နေပြည်တော် စက်တင်ဘာ ၁၈**

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့ အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၅)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အလားတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးလျက်ရှိသည်။ ထို့အတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံ တစ်ပုံအထိ လျှော့ပေါ့ပေးလျက်ရှိသည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃) မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ် ပုံစံ(၁၂) ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့၍ နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသား ပီသစွာဖြင့် ဥပဒေပါတာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထား လေးစားဂုဏ်ပြုလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းအချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက် တာဝန်ထမ်းဆောင်ကြသည်များလည်း ရှိကြကြောင်း သိရှိရသည်။










ယခုကဲ့သို့နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး တပ်မတော်နှင့် ပြည်သူအကြား ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ကိုယ်ချင်းစာနားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏ တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကို ဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သားမျိုးဆက်သစ် လူငယ်လူရွယ်များအတွက်လည်း စံနမူနာကောင်း တစ်ခုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာပြီး တပ်မတော်နှင့် ပြည်သူ တစ်သားတည်းဖြစ်တည်မှုကို အပြည့်အဝသက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်း ဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ မိသားစုတွေနဲ့လည်း ပြန်လည်ဆုံတွေ့ရတော့မယ်ဆိုတော့ အတိုင်းမသိဝမ်းသာမိပါတယ်။ နှစ်နှစ်တာကာလ တာဝန်ထမ်းဆောင်ခဲ့တဲ့အချိန်မှာ အခက်အခဲတွေကအများကြီးပါ။ အရာရာအားလုံးက ပျော်ဖို့တော့ကောင်းပါတယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ နေထိုင်စားသောက်မှုတွေ၊ သွားလာမှုတွေအားလုံး ပြောင်းလဲခဲ့ပါတယ်။ မိသားစုတွေကတော့ အများကြီး အားပေးခဲ့ပါတယ်။ ကောင်းကောင်းမွန်မွန် နေထိုင်ဖို့၊ အစစအရာရာဂရုစိုက်ဖို့အတွက် မှာခဲ့ပါတယ်။ ကိုယ်တိုင်တာဝန်ထမ်းဆောင်ကြတဲ့အခါ အများကြီးနားလည်မှုတွေ ရလာပါတယ်။ ရဲရဲဝံ့ဝံ့ဝင်ဖို့အတွက် ဆုံးဖြတ်ချက်ချစေချင်ပါတယ်။ အပြင်လောကမှာ ပြောဆိုတဲ့အရာတွေ အကုန်လုံးထက် ဒီမှာလက်တွေ့ထမ်းဆောင်ခဲ့တဲ့အရာတွေနဲ့ ကွဲပြားခြားနားမှုတွေအများကြီးရှိပါတယ်။ ကျွန်တော်တို့က နှစ်နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်တဲ့အတွက် အကုန်လုံးကိုလည်းနားလည်ခဲ့ပါပြီ။ နှစ်နှစ်တာကာလထမ်းဆောင်ခဲ့ပြီးဖြစ်ခဲ့ပေမယ့် နိုင်ငံ့တာဝန်ကို ထပ်ပြီးတော့ ထမ်းဆောင်ချင်တဲ့စိတ် ရှိတဲ့အတွက်ကြောင့် ထပ်ပြီးထမ်းဆောင်ခဲ့ခြင်းဖြစ်ပါတယ်။

၂။ ကျွန်တော် နှစ်နှစ်ပြည့်လို့ရှိရင် သန္နေအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်မယ်လို့ ခံယူချက်ထားပါတယ်။ ကျွန်တော် နဂိုကတည်းကလည်း တပ်မတော်ထဲဝင်ဖို့ စဉ်းစားခဲ့ဖူးတယ်။ အခုလိုပြည်သူ့စစ်မှုထမ်းတွေခေါ်တော့မှ ကျွန်တော်ပြည်သူ့စစ်မှုထမ်းထဲကို ဝင်ရောက်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်ရွာကိုလည်းမပြန်ရတော့ဘူးဆိုတော့ ဒီမှာပဲဆက်နေတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်မယ် လို့စိတ်ကူးထားပါတယ်။ အမေကလည်း လုပ်မယ်ဆို ဆက်လုပ်ဖို့ ပြောပါတယ်။ ရတဲ့လစာလည်း မိသားစုတွေကို အကုန်လွှဲပေးခဲ့ပါတယ်။ အခုတာဝန်ထမ်းဆောင်နေတဲ့တပ်က ကျွန်တော့်မိခင်တပ်ရင်း ဖြစ်နေတော့ ကိုယ့်ဘာသာကိုယ်လည်းအဲဒီမှာနေရတာတော်တော်လေး ပျော်လို့လည်းပါပါတယ်။ ကျွန်တော့်လိုမျိုး တပ်မတော်မှာ သန္နေအဖြစ် ဆက်လက်တာဝန်ပြန်ထမ်းဆောင်တဲ့သူတွေရှိရင် ဂုဏ်ယူပါတယ်လို့ ပြောချင်ပါတယ်။

၃။ မိဘတွေနဲ့ ပြန်တွေ့ရတော့မယ်ဆိုတော့ အလွန်ဝမ်းသာပါတယ်။ နေပုံထိုင်ပုံ၊ သွားပုံ လာပုံ၊ စားပုံသောက်ပုံ စည်းကမ်းတွေ အကုန်လုံးပြောင်းလဲလာပါတယ်။ အခက်အခဲတွေကတော့ အများကြီးရင်ဆိုင်ခဲ့ရတယ်။ တိုက်ပွဲတွေလည်း အများကြီးကြုံခဲ့ရတယ်။ ရှေ့ဆက်ရမယ့် ဘဝမှာတော့ ကိုယ့်ကိုယ်ကိုယ် အများကြီး ပြောင်းလဲလာမယ်လို့ ထင်တယ်။ အများကြီးလည်း ကြိုးစားရဦးမယ်လို့ ထင်ပါတယ်။ မိဘတွေကလည်း အများကြီးအားပေးခဲ့ပါတယ်။ ထပ်ပြီးတာဝန်ထမ်းဆောင်မယ့် သူငယ်ချင်းတွေကိုလည်း အစစအရာရာ ဂရုစိုက်ပါလို့ ပြောချင်ပါတယ်။ နောင်ပြည်သူ့စစ်မှုထမ်းမယ့် သူတွေလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီး နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါလို့ ပြောကြားလိုပါတယ်။

**သတင်းစဉ်**

## မွန်ပြည်နယ်ဝန်ကြီးချုပ် အတ္ထရံရေသန့်စင်စက်ရုံ(ညောင်ပင်ဆိပ်)ရေပေးဝေမှုလုပ်ငန်း ကြည့်ရှုစစ်ဆေး



**မော်လမြိုင် စက်တင်ဘာ ၁၈**

မော်လမြိုင်စက်မှုဇုန်နှင့် စက်မှုဇုန်လူနေရပ်ကွက် နေထိုင်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရန်အတွက် အတ္ထရံမြစ်ရေကို ရေတင်စက်များဖြင့် တွန်းပို့၍ အတ္ထရံရေသန့်စင်စက်ရုံ (ညောင်ပင်ဆိပ်)၌ အဆင့်ဆင့်သန့်စင်ပြီး သောက်သုံးရေ ပေးဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ အတ္ထရံရေသန့်စင်စက်ရုံ(ညောင်ပင်ဆိပ်) ရေပေးဝေမှုလုပ်ငန်းကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့ပြင် မော်လမြိုင်မြို့၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်နယ်အတွင်းရှိ မြို့နယ်များအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာအရေး လုပ်ငန်းများ အရည်အသွေး ပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး လုပ်ငန်းများအပေါ် စေတနာထားကာ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဌာနဆိုင်ရာအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ပြည်သူ့အကျိုးသယ်ပိုး ဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မော်လမြိုင်မြို့နယ်အတွင်းရှိ လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာအိပ်ကျမှုဖြစ်ပွားသည့်နေရာနှင့် စက်တင်ဘာ ၁၇ ရက်တွင် အဆိုပါညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂) နှင့် (၁၂/၃) ကြားရှိ ခွန့်ပစ်တာ အလျား ပေ ၁၆၀ ခန့် တာပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ တာကိုယ်ထည်တိုက်စားခံရမှု ဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ ခွန့်ပစ်တာ အလျား ပေ ၁၆၀ ခန့် ထပ်မံအိပ်ပြိုကျသည့်နေရာအား မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Geotex-tile လုပ်ငန်းဆောင်ရွက်ခြင်း၊ သံမဏိကြိုးအသုံးပြုရေစီးထိန်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်းနှင့် ကမ်းရင်းတာခြေ တုတ်ရိုက်သဲဖြည့်ခြင်း စသည့် မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ခြင်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့အထိ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာ တမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား အသိပညာပေးဟောပြောပွဲ၊ လူငယ်စကားဝိုင်းနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ရွှေလင်ပန်းကျေးရွာ



အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁၄)၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်၊ မြို့နယ်ပညာရေးမှူးဒေါ်မြတ်သူဇာနှင့် တာဝန်ရှိသူများက အခမ်းအနားကျင်းပမှုကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမ ဒေါ်ကြည်ကြည်မြင့်မြတ်က စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပပြုလုပ်ရာ လူငယ်နှင့် social media ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်မူးယစ်၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်နည်းပညာ စသည့်ခေါင်းစဉ်များအလိုက် ကျောင်းသား ကျောင်းသူများက ပါဝင်ဆွေးနွေးသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲ၊ ဘောလုံးပစ်ပြိုင်ပွဲအပါအဝင် ပြိုင်ပွဲများတွင် ဆုရရှိသူများကို မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဟန်နီ(ပြန်/ဆက်)**

## ၂၀၂၆ ခုနှစ် ပထမရှစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံနှင့် အာဆီယံ၊ အီးယူတို့ ကုန်သွယ်မှုပမာဏမြင့်တက်

**ဖနောင်ပင် စက်တင်ဘာ ၁၈**

ကမ္ဘောဒီးယားနိုင်ငံနှင့် အီးယူ၊ အာဆီယံတို့ကြား ကုန်သွယ်မှုမှာ ၂၀၂၆ ခုနှစ် ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈ ဘီလီယံအထိ ရှိခဲ့ပြီး ယမန်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ၁၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာန၏ စက်တင်ဘာ ၁၈ ရက် ထုတ်ပြန်ချက်အရ သိရသည်။

**ကောင်းမွန်မှုရလဒ်များကို ပြသနေ**

အဆိုပါ အချက်အလက်များသည် ကမ္ဘောဒီယားနိုင်ငံ၏ဒေသတွင်း ကုန်သွယ်မှုကောင်းမွန်မှုရလဒ်များကို ပြသနေပြီး ဇန်နဝါရီလမှ ဩဂုတ်လအတွင်း အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၄ ဘီလီယံရရှိခဲ့သည်။ ထို့အတူ အီးယူနှင့်ကုန်သွယ်မှုမှာ ၁၃ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး ၄ ဒသမ ၄၅ဘီလီယံ ဝင်ငွေရရှိခဲ့သည်။

**အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၂ ဘီလီယံအထိ ရရှိ**

အဆိုပါကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ကမ္ဘာတစ်ဝန်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၂ ဘီလီယံအထိ ရရှိခဲ့သည်။ စုစုပေါင်းကုန်သွယ်မှုများအနက် အာဆီယံဈေးကွက်သည် ၂၄ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အီးယူဈေးကွက်သည် ၈ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ဟုသိရသည်။

ဆင်ဟွာ

## အီတလီအစိုးရက ပေးအပ်သည့် လေယာဉ်တင်သင်္ဘော အင်ဒိုနီးရှားသို့ ရောက်ရှိလာ

**ဂျကာတာ စက်တင်ဘာ ၁၈**



အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံး လေယာဉ်တင် သင်္ဘောဖြစ်လာမည့် အီတလီစစ်သင်္ဘော Giuseppe Garibaldi သည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက မြောက်ဂျကာတာရှိ တန်ဂျုန် ပရီအော့ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှား ရေတပ်၏ ရေတပ်လေကြောင်း စင်တာမှ လေယာဉ် ငါးစင်းသည် တန်ဂျုန် ပရီအော့ ဒေသအပေါ်မှ ပျံသန်းကာ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၅၃ မိနစ် ဝန်းကျင်တွင် ကြိုဆိုပွဲအခမ်းအနားကို စတင်ခဲ့ကြောင်း သိရသည်။

အီတလီအစိုးရက အဆိုပါ လေယာဉ်တင်သင်္ဘောကို လက်ဆောင်အဖြစ် အင်ဒိုနီးရှားနိုင်ငံသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှား ရေတပ်က အဆိုပါ သင်္ဘောကို KRI Sriwi-jaya ဟု အမည်ပေးထားပြီး အဆိုပါသင်္ဘောသည် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများနှင့် ဘေးအန္တရာယ် ကယ်ဆယ်ရေးကဲ့သို့သော တိုက်ခိုက်ရေးမဟုတ်သည့် စစ်ဘက်ဆိုင်ရာလုပ်ငန်းများကို အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ပြီး ပတ်ဝန်းကျင်ဒေသရှိ အဓိကရေပြင်များတွင် ပုံမှန်ရေကြောင်းကင်းလှည့်ခြင်းနှင့် ရေကြောင်းဆိုင်ရာ သံတမန်လုပ်ငန်းများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရေတပ်မှပြောရေးဆိုခွင့်ရှိသူ တွန်ဂူးလ်က ထုတ်ပြန်ထားသည်။

ဆင်ဟွာ

## ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ စာသင်ကျောင်းအတွင်း ပစ်ခတ်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရ

**မနီလာ စက်တင်ဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း စာသင်ကျောင်းတစ်ကျောင်း၌ စက်တင်ဘာ ၁၈ ရက်က ကျောင်းတွင်း ပစ်ခတ်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံး၍ ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟု လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဌာနက ပြောသည်။

ကနဦး စုံစမ်းမှုများအရ နိုင်ငံတောင်ပိုင်း ကော့တာဘာတိုပြည်နယ် ဘန်ဂါမြို့ အထက်တန်းကျောင်းတွင် မွန်းလွဲ ၁ နာရီ ဝန်းကျင်က ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။




လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဌာနမှ ဝန်ထမ်းများသည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်၍ စိတ်ပိုင်းဆိုင်ရာ အကူအညီနှင့် ပံ့ပိုးကူညီမှုများ ပေးအပ်နေကြောင်း အဆိုပါဌာနက ပြောသည်။

မြို့နယ်အတွင်းရှိ အတန်းများအားလုံး ယာယီရပ်နားထားကြောင်း ဒေသဆိုင်ရာ ဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးရုံးက ပြောသည်။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင်းကိုလည်း ပညာရေးဝန်ကြီးဌာနက ထုတ်ဖော် ပြောကြားခဲ့သည်။

ဆင်ဟွာ

## အီးယူနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ရည်ရွယ်ထားကြောင်း ကနေဒါဝန်ကြီးချုပ်ပြောကြား

**စထရာဘတ် စက်တင်ဘာ ၁၈**

ကနေဒါနိုင်ငံသည် စီးပွားရေး၊ ကာကွယ်ရေးတို့အပါအဝင် နယ်ပယ်ကဏ္ဍအများအပြားတွင် ဥရောပသမဂ္ဂ (အီးယူ) နှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည်ဟု ကနေဒါဝန်ကြီးချုပ် မက်ခ်ကာနေးက ပြောသည်။ ပြင်သစ်နိုင်ငံ စထရာဘတ်မြို့၌ စက်တင်ဘာ ၁၇ ရက်က ပြုလုပ်သည့် ဥရောပပါလီမန်တွင် ကနေဒါဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခဲ့သည်။

ကနေဒါနှင့်ဥရောပသမဂ္ဂတို့သည် ပြည်သူများတိုးတက်ကြီးပွားအောင်မြင်စေမည့် အကာအကွယ်ပေးသည့် အမိုးအကာတစ်ရပ်ကိုလည်း တည်ဆောက်နိုင်ကြောင်းနှင့် သတ္တုတွင်း၊ ကာကွယ်ရေးလုပ်ငန်း၊ အေအိုင်နှင့် စွမ်းအင်လုံခြုံရေးကိစ္စရပ်များအပါအဝင် အခြားသော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

## ၂၄ နာရီအတွင်း ယီမင်အပေါ် ဆော်ဒီက လေကြောင်းတိုက်ခိုက်မှု (၃၇) ကြိမ် ပြုလုပ်ဟု ဟူသီဆို

**ဆာနား စက်တင်ဘာ ၁၈**

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ယီမင်နိုင်ငံရှိ ပြည်နယ်နှစ်ခုသို့ ဆော်ဒီအာရေဗျ တိုက်လေယာဉ်များက လေကြောင်းတိုက်ခိုက်မှု (၃၇) ကြိမ် လုပ်ဆောင်ခဲ့ကြောင်း ယီမင်နိုင်ငံရှိ ဟူသီအုပ်စုက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

ယီမင်နိုင်ငံ အနောက်တောင်ပိုင်း တာအစ်ဇ်ပြည်နယ်နှင့် အနောက်မြောက်ပိုင်း ဟက်ဂျာ့ပြည်နယ်တို့သို့ ဆော်ဒီ F-15 တိုက်လေယာဉ်များက တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ဟူသီအုပ်စု၏ ပြောရေးဆိုခွင့်ရှိသူ ယဲ့ယာ ဆာရီယာက လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် ထုတ်ပြန်ထားသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် အရပ်သားများ ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဆင်ဟွာ

## IAEA ၏ (၇၀) ကြိမ်မြောက် အထွေထွေညီလာခံက အရှေ့အလယ်ပိုင်းဒေသရှိ နျူကလီးယားစက်ရုံများအားလုံးတွင် IAEA အကာအကွယ်ပေးရေးစနစ်ကျင့်သုံးရန် အီဂျစ်နိုင်ငံ၏ တောင်းဆိုမှုအပေါ် အတည်ပြု

**ကိုင်ရို စက်တင်ဘာ ၁၈**

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ (၇၀) ကြိမ်မြောက် အထွေထွေညီလာခံက အရှေ့အလယ်ပိုင်းဒေသရှိ နျူကလီးယားစက်ရုံများအားလုံးတွင် IAEA ၏အကာအကွယ်ပေးရေးစနစ်ကို ကျင့်သုံးရန် တောင်းဆိုသည့် အီဂျစ်နိုင်ငံ၏ အဆိုပြုချက်ကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

အီဂျစ်နိုင်ငံသည် အရှေ့အလယ်ပိုင်းရှိ နိုင်ငံအားလုံးနှင့် ၎င်းတို့၏ နျူကလီးယားစက်ရုံအားလုံးတွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ အကာအကွယ်စနစ်ကို ခြွင်းချက်မရှိကျင့်သုံးရန် တောင်းဆိုခြင်းဖြင့် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်မှုကို အားကောင်းစေရန် ကြိုးပမ်းလျက်ရှိသည်။

အီဂျစ်နိုင်ငံသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရာတွင် နျူကလီးယားလက်နက်မပြန့်ပွားရေး စာချုပ် (NPT) ၏ အဓိကအခန်းကဏ္ဍကိုလည်း အလေးပေးပြောကြားခဲ့သည်။

ဆင်ဟွာ

## ပါကစ္စတန် အနောက်မြောက်ပိုင်း အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ခုအတွင်း ၁၆ ဦး သေဆုံး



**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၈**

ပါကစ္စတန်အနောက်မြောက်ပိုင်း ခိုင်ဘာပတ် တွန်ခွာပြည်နယ် ရဲစခန်းအိမ်ရာဝင်းအတွင်းနှင့် အနီးဝန်းကျင်တွင် စက်တင်ဘာ ၁၈ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ခုပြုလုပ်ခဲ့ရာ အနည်းဆုံး ၁၆ ဦးခန့် သေဆုံးခဲ့ပြီး ၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

အသေခံ ဗုံးခွဲသမားတစ်ဦးသည် ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စီးကို ကိုဟတ်ခရိုင်ရှိ ရဲစခန်းအိမ်ရာဝင်း ဂိတ်အနီးရှိ ဘာသာရေးအဆောက်အအုံထဲသို့ ဝင်ရောက်ဖောက်ခွဲတိုက်ခိုက်ခဲ့သည်ဟု ပြည်နယ် ရဲချုပ်ဇူဖီဂါဟာမီးဒ်က မီဒီယာသို့ ပြောကြားခဲ့သည်။

နောက်ထပ်အသေခံဗုံးခွဲသမားတစ်ဦးသည် အထူးစုံစမ်းစစ်ဆေးရေး ရဲတပ်ဖွဲ့ဌာနဝင်းသို့ ဝင်ရောက်ခဲ့ပြီး အသေခံဗုံးဖောက်ခွဲခဲ့သည်ဟု ရဲချုပ်က ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်အတွင်း အရပ်သား ၁၁ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ငါးဦး သေဆုံးခဲ့သည်။ ဒဏ်ရာရရှိခဲ့သူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် သမ္မတတို့က အဆိုပါဖောက်ခွဲမှုကို ပြစ်တင်ရှုတ်ချထားပြီး သေဆုံးသူများအတွက် ဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်။

ဆင်ဟွာ

■

● *ကျော်ဖုံးမှ*

ပွဲစဉ်(၁၄)အပြီး ဇယားထိပ်ဆုံး၌ ဦးဆောင်နေသည့် ISPE အသင်းသည် စစ်ကိုင်းယူနိုက်တက်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အမှတ်ပေးဇယား ထိပ်ဆုံးနေရာကို ဆက်လက်ဦးဆောင်ထားခဲ့သည်။ ISPE အသင်းအတွက် ဦးဆောင်အနိုင်ဂိုးများကို စစ်ငြိမ်းချမ်းဦးက ပွဲချိန် ၃၁ မိနစ်၊ ၄၇ မိနစ်နှင့် ၆၁ မိနစ်တို့တွင် ဟက်ထရစ်သွင်းယူပေးခဲ့ပြီး ချစ်ပိုင်ခန့်က ပွဲချိန် ၆၆ မိနစ်နှင့် မိနစ် ၉၀ တို့တွင် နှစ်ဂိုးထပ်မံသွင်းယူခဲ့သည်။ စစ်ကိုင်းယူနိုက်တက်အတွက် ချေပဂိုး နှစ်ဂိုးကို ပွဲချိန် ၆၈ မိနစ်နှင့် ၇၉ မိနစ်တို့တွင် ဇင်ယော်နီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ချင်းလန်းအသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယခုပွဲတွင် ရှမ်းယူနိုက်တက်အတွက် ကောင်းထက်က ပွဲချိန် ၂၁ မိနစ်၊ ၄၄ မိနစ်နှင့် ၆၄ မိနစ်တို့၌ ဟက်ထရစ် သွင်းယူပေးခဲ့ပြီး မျိုးမင်းခန့် (၁၀ မိနစ်)၊ ဝေလျံရှိုင်း (၂၈ မိနစ်)၊ အောင်ချစ် (၃၈မိနစ်)၊ ကောင်းခန့်ဟိန်း(၅၉ မိနစ်)နှင့် ရှိုင်းအောင်(၇၇ မိနစ်)တို့က တစ်ဂိုးစီ သွင်းယူခဲ့ကြသည်။ ချင်းလန်းအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် လွန်းယာဂျင်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် သစ္စာအားမာန်နှင့် ရတနာပုံအသင်းပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် မျိုးမင်းခန့်က သွင်းယူခဲ့ပြီး ရတနာပုံအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၄၇ မိနစ်တွင် သက်ထက်နောင်က ပြန်လည်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၁၅) နောက်ဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၂၆ ရက်တွင် ရန်ကုန်စီးတီးအသင်းနှင့် FALCON FC အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-ML**

---

✳ *ကျော်ဖုံးမှ*

သတင်းပေးပို့ချက်အရ ပျောက်ဆုံးနေသည့် အမျိုးသမီးငယ် နှစ်ဦးကို ရှာဖွေတွေ့ရှိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ပျောက်ဆုံးနေသည့် အမျိုးသမီးငယ် နှစ်ဦးကို ရှာဖွေကယ်တင်နိုင်ရေး ဆောင်ရွက်နေစဉ် စက်တင်ဘာ ၁၆ ရက် ည ၁၁ နာရီခန့်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃) ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်းရှိ တို့အင်းလေး လက်ဖက်ရည်ဆိုင်အနီး၌ မ--- (၁၈)နှစ်အားလည်းကောင်း၊ စက်တင်ဘာ ၁၇ ရက် နံနက် ၄ နာရီ မိနစ် ၄၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်းရှိ Capital ဆိုင်အနီး၌ မ---(၁၆)နှစ်အားလည်းကောင်း မိဘများက ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။



ပြစ်မှုကျူးလွန်သူ သီဟအောင်ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အမျိုးသမီးငယ် နှစ်ဦးတို့၏ ထွက်ဆိုချက်အရ ၎င်းတို့ နှစ်ဦးသည် စက်တင်ဘာ ၁၆ ရက် ည ၈ နာရီခန့်တွင် City Mall ၌ Hot Pot စားပြီးနေအိမ်သို့လမ်းလျှောက်ပြန်လာစဉ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၇)ရပ်ကွက် ဆရာစံလမ်းအရောက်၌ အမည်မသိ အမျိုးသား တစ်ဦး မောင်းနှင်လာသည့် PRADO အမျိုးအစား ခဲရောင်ယာဉ် တစ်စီးမှာ ၎င်းတို့အနီး ရပ်တန့်ကာ ၎င်းအမျိုးသားက အသက်အရွယ်နှင့် မည်သည့်နေရာက ပြန်လာကြောင်း မေးမြန်းသဖြင့် အသက်အရွယ်များအား ပြန်လည်ပြောကြားခဲ့ရာ အဆိုပါအမျိုးသားက အသက်မပြည့်သေးသည့် အမျိုးသမီးငယ်များဖြစ်၍ နေအိမ်သို့ လိုက်ပို့ပေးမည်ဖြစ်ကြောင်း ယုံကြည်အောင် ပြောဆိုသဖြင့် ၎င်းတို့နှစ်ဦးသည် အဆိုပါယာဉ်ဖြင့် လိုက်ပါခဲ့ကြောင်း၊ ၎င်းအမျိုးသားသည် မော်တော်ယာဉ်ကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အတွင်း ပတ်၍မောင်းနေခဲ့ပြီး နာရီဝက်ခန့်အကြာတွင် မ---(၁၈)နှစ်နှင့် မ---(၁၆)နှစ်တို့ နှစ်ဦးကို အသင့်ပါလာသော သေနတ်၊ ဓားတို့ပြ၍ သတ်ပစ်မည်ဟု ခြိမ်းခြောက်ကာ တစ်ယောက်လျှင် ငွေကျပ် ငါးသိန်းဖြင့် ငွေကျပ် ၁၀ သိန်း ပေးရမည်ဖြစ်ကြောင်း၊ ငွေလက်ခံရရှိပါက ပြန်လည်ပို့ပေးမည်ဖြစ်ကြောင်း မိဘများထံဖုန်းဖြင့် ဆက်သွယ်၍ ခြိမ်းခြောက်ပြောဆိုကာ မ---(၁၈)နှစ်အား ယင်းနေ့ ည ၁၁ နာရီခန့်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်း "တို့အင်းလေး" လက်ဖက်ရည်ဆိုင်အနီး၌ ချထားပေးခဲ့သည်။

အဆိုပါ အမျိုးသားသည် မ---(၁၆)နှစ်အား မော်တော်ယာဉ်ဖြင့် ဆက်လက်ခေါ်ဆောင်သွားကာ တောင်ဥက္ကလာပမြို့နယ်နှင့် မြောက်ဥက္ကလာပ မြို့နယ်များအတွင်း မော်တော်ယာဉ်အား ပတ်၍ မောင်းနှင်ခဲ့ပြီး မြောက်ဥက္ကလာပမြို့နယ် လမ်းတစ်နေရာအရောက်၌ ယာဉ်အားရပ်တန့်ကာ အမျိုးသမီးငယ်အား ဓားဖြင့် ခြိမ်းခြောက်၍ အဓမ္မတစ်ကြိမ် ပြုကျင့်ခဲ့ကြောင်း၊ အမျိုးသမီးငယ်၏ မိဘများထံမှ ငွေကျပ် ၁၀ သိန်းအား KBZ Pay မှတစ်ဆင့် လက်ခံရယူပြီး တောင်ဥက္ကလာပမြို့နယ် လမ်းတစ်နေရာ၌ အဓမ္မတစ်ကြိမ် ထပ်မံပြုကျင့်ကာ စက်တင်ဘာ ၁၇ ရက် နံနက် ၄ နာရီခန့်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ငါးမာန်အောင် ဘုရားလမ်း၊ Capital ဆိုင်အနီး၌ အမျိုးသမီးငယ်အား ထားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့မရဲစခန်း (ပ) ၈၉၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၆၅/၃၈၇/၃၇၆ ဖြင့် အမှုရေးဖွင့်ပြီး တရားခံအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် တရားခံ သီဟအောင် (၂၈)နှစ်အား အင်းစိန်မြို့နယ် ကြို့ကုန်း အရှေ့ရပ်ကွက်၄/ တောင်လမ်းပေါ်၌ ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် YGN-9 3J-5625 TOYOTA PRADO အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ ZTE အမျိုးအစား ဖုန်း တစ်လုံး၊ Hangun စာတန်းပါ ကော်သေနတ် တစ်လက်၊ အရိုး/အသွားကိုးလက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်း၊ Redmi Note 15 Pro ဖုန်းတစ်လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

⚙ *ကျော်ဖုံးမှ*

ဓာတ်အားလိုင်းတွင် ကြိုးလွန်းပွမှုဖြစ်ပေါ်နေသော ကြိုးများအား အစားထိုး လဲလှယ်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓာတ်အားပိတ် ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ ဓာတ်အားပိတ်ဆောင်ရွက်စဉ် တောင်သာမြို့၊ မြင်းခြံမြို့၊ နွားထိုးကြီးမြို့များရှိ အချို့ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ/အလုပ်ရုံများ အချိန်လေးနာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ ၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံရှိ ချွတ်ယွင်းမှုဖြစ်ပေါ်နေသော ဗို့အား တိုင်းတာရေးပစ္စည်းအား အစားထိုးလဲလှယ်ခြင်းနှင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ဓာတ်အားလွှတ်ကြားခံပစ္စည်းများကို အစားထိုးလဲလှယ်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ခွဲရုံအတွင်းရှိ ၃၃ ကေဗွီ ပင်မဖြန့်ဖြူးရေးလိုင်း(၁)ကို စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာဒုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ အချို့ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ/အလုပ်ရုံများ၊ စက်မှုဇုန်များတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင် အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

---

❖ *ကျော်ဖုံးမှ*

ချေပဂိုး တစ်ဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များတွင် နိုင်ပွဲရရေး ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသည်။

ဘုန်းမောက်အသင်းသည် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ယှဉ်ပြိုင်ကစားသည့် ဥရောပပွဲစဉ်၌ ဆိုစီဒက်အသင်းကို အဝေးကွင်းတွင် နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဆိုစီဒက်အသင်းသည် ဂိုးရရှိနိုင်သည့်အခွင့်အရေးများစွာ ဖန်တီးနိုင်ခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်းလိုအပ်ချက်နှင့် ဘုန်းမောက်အသင်းဂိုးသမား ပက်ထရိုဗစ်၏ လက်စွမ်းပြကာကွယ်ဟန့်တားနိုင်မှုကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းအတွက် သွင်းဂိုးများကို ကလွိုင်ဗက်နှင့် ရေယန်က ပွဲချိန် ၁၁ မိနစ်နှင့် မိနစ် ၂၀ တွင် သွင်းယူပေးခဲ့သည်။ ဆိုစီဒက်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဂိုမက်ဇ်က ပွဲချိန် ၅၇ မိနစ်တွင် သွင်းယူပေးခဲ့သည်။

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးစိုးမင်း ၁၂/သလန (နိုင်)၀၇၀၄၆၁ နှင့် ဒေါ်နန်းခမ်းနွန်း ၁၃/ဆဆန(နိုင်)၀၃၀၇၉၆ တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်( င – ၆) ၊ ပဲခူးစုရပ်ကွက်၊ ခိုင်ရွှေဝါ လမ်း၊ မြေတိုင်းအမှတ်( င – ၂၃)၊ ဧရိယာ အကျယ်အဝန်း (၃၅ပေ x ၅၅ပေ) ရှိသော ခြံမြေကွက် နှင့် အဆောက်အအုံတို့အား စီမံရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးတင့် ၁၂/သလန(နိုင်)၀၆၀၉၀၆ ထံမှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်တွင် အပြည့်အဝ ငွေပေးချေကာ အသိသက်သေများရှေ့မှောက်၌ အရောင်းအဝယ်ကတိ စာချုပ်ဖြင့် အပြီးအပိုင် ဝယ်ယူပြီးသည့် ခြံမြေကွက်နှင့် အဆောက်အအုံဖြစ်သော ကြောင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးစိုးမင်းနှင့် ဒေါ်နန်းခမ်းနွန်း တို့သာ လျှင် ထိုခြံမြေကွက်နှင့် အဆောက်အအုံအား (၁၄-၈-၂၀၂၃)ရက်မှစ၍ လက်ရှိ တရားဝင်ပိုင်ဆိုင်သူများဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန့်ဝသုန်ဦး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၅၂၅)**
**အမှတ် ၂၄၊ ပေ၅၀လမ်း၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၁၁၆၇၄၁၀**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ အနောက်/မြို့တွင်းရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ အကွက်အမည်- အနောက်ကွက်၊ ဦးပိုင်အမှတ်( ၄၃-ခ)၊ မြေဧရိယာ( ၀.၀၀၄ ) ဧက၊ ဦးပိုင်အမှတ်(၄၄-ခ)၊ မြေဧရိယာ( ၀.၀၆၁ )ဧက၊ စုစုပေါင်း မြေဧရိယာ(၀.၁၆၅) ဧက ရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

(က) အရှေ့လားသော် – ဦးပိုင်အမှတ်(၄၅)၊(၄၆)၊(၄၇)
( ခ ) အနောက်လားသော် – ဦးပိုင်အမှတ်(၄၂)၊(၄၃-က)၊(၄၄-က)
( ဂ ) တောင်လားသော် – အာဇာနည်လမ်း
(ဃ) မြောက်လားသော် – ဦးပိုင်အမှတ်(၅၁-ဆ)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ) အမည်ပြောင်းပေးရန် ဦးတင်အောင်ချိုပါ( ၃ )ဦး မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်ထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းအင်းဦးစီးဌာန၊ ထားဝယ်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ထားဝယ်မြို့၊ ဒေါင်းငူရပ်၊ သီရိလမ်း အမှတ်(၁၂၀)နေ ဒေါ်စန်းစန်းမြင့် ၆/ထဝန(နိုင်) ၁၁၆၁၉၂ ၏သားဖြစ်သူ မောင်မင်းခန့်စိုး(ခ)ဖြိုးကြီး သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ မိခင်ဖြစ်သူ၏ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုမူပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူကြောင်း သိစေအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဒေါ်စန်းစန်းမြင့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5R/9694 ယာဉ်လက်ဝယ်ရှိသူ ဦးတင်လှအောင် ၁/ဝမန(နိုင်) ၁၀၇၄၄၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၄ယ/၇၉၀၂၂ New Zhineng –110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းနိုင် ၉/တကန(နိုင်) ၂၁၇၂၂၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## အသိပေးကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၁၅၅၁)၏ နှစ်(၃၀) မြေငှားစာချုပ်(စာအုပ်) မူရင်း ပျောက်ဆုံး သွားပါသဖြင့် မြေငှားစာချုပ် (စာအုပ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဦးလှဒင် ၉/ပမန(နိုင်) ၀၆၂၄၄၃ (ဘ)ဦးထွန်းအောင် မှ လျှောက်ထားလာမှုအား ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကန့်ကွက်လွှာ ခေါ်ယူခဲ့ရာ ကန့်ကွက်မှုမရှိသဖြင့် မြေငှားစာချုပ် (စာအုပ်) မိတ္တူမှန်ထုတ်ပေးပြီး ဖြစ်ကြောင်းနှင့် အမှုတွဲအမှတ် ၇၅၆/၂၀၁၈-၂၀၁၉(ပုဗ္ဗသီရိ)၊ စာချုပ်အမှတ် ပုဗ္ဗသီရိ/ သစ်-၆၅၃/၂၀၁၈-၂၀၁၉တို့ဖြင့် ထုတ်ထားပေးသည့် ပျောက်ဆုံးသွား သောမြေငှားစာချုပ် (စာအုပ်) မူရင်းအား ပယ်ဖျက်ပြီး ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ဝါးရုံကုန်း ကျေးရွာ၊ အ.ထ.က(ခွဲ)ကျောင်း၊ Grade-4 မှ မောင်မြတ်သူစံ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ရှိန်း ၉/ပသက(နိုင်)၀၇၀၀၅၇ ဖြစ်ပါကြောင်း။

**ဦးအောင်ရှိန်း**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၁) ကျောင်းမှ မောင်ဆေးဂိုမာန် G.12(B)၏ ဖခင်အမည်မှန်မှာ ဦးဆိုခိုရန်း ၅/လရန(နိုင်) ၀၀၃၁၀၆ ဖြစ်ပါကြောင်း။

**ဦးဆိုခိုရန်း**

## အမည်မှန်နှင့်ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၁) ကျောင်းမှ မောင်ပါဂိုးထန် G.11(D)၏ အမည်မှန်မှာ မောင်ပါဂိုးလ်ထန်နှင့် ဖခင်အမည်မှန်မှာ ဦးဆိုခိုရန်း ၅/လရန (နိုင်) ၀၀၃၁၀၆ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/3609 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၁) ကျောင်းမှ မပန်းဆုဝေ G-12(C)၏ အမည်မှန်မှာ မပန်းစုဝေ ၅/ဗမန(နိုင်)၀၉၀၇၈၉ ဖြစ်ပါကြောင်း။

**မပန်းစုဝေ**

## အမည်မှန်

ဟုမ္မလင်းမြို့ အထက (၁)၊ ကျောင်းမှ မရွှေရည်မြင့် G-12 (A)၏ အမည်မှန်မှာ မနန်းရွှေရည်မြင့် ၅/ဟမလ(နိုင်) ၁၈၇၉၈၁ ဖြစ်ပါကြောင်း။

**မနန်းရွှေရည်မြင့်**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ပန်းပျိုးခင်းကိုယ်ပိုင် အထက်တန်း ကျောင်း G-12မှ မောင်သက်မင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးညိုဆန်း ၇/ဖမန(နိုင်)၁၀၉၆၀၅ ဖြစ်ပါကြောင်း။

**ဦးညိုဆန်း**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက သဲတော၊ Grade-11 မှ မအိအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင်ဦး ဖြစ်ပါကြောင်း။

**ဦးမြင့်လွင်ဦး**
**၉/ဝတန(နိုင်)၁၄၂၈၀၃**

## ဖခင်အမည်မှန်

ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့၊ မိကျောင်းလှောင်း ကျေးရွာနေ မစံပယ်အောင် Grade-12 ၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၆/ကလအ(နိုင်)၀၀၉၅၁၇ ဖြစ်ပါကြောင်း။

**ဦးမြင့်အောင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၁၃၇၉)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဦးဇော်မိုးနိုင်(ဘ)ဦးသက်နိုင် ၁၂/ကမန(နိုင်)၀၉၉၀၈၆ အမည်ပေါက်မြေကွက်ကို အမည်ပေါက်ဖြစ်သူထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၉၉/၂၀၂၂) (၁၄-၆-၂၀၂၂)ရရှိထားသူ ဦးအောင်ကျော်ဦး(ဘ)ဦးချစ်မောင် ၁/မကတ(နိုင်)၀၅၈၂၄၀မှ ဦးဇော်မိုးနိုင်အမည်ဖြင့် မြေငှားစာချုပ် ထုတ်ပေးနိုင်ပါရန် မြေပေးမိန့်မူရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တာချီလိတ်မြို့ မီဒေးကိုယ်ပိုင် အထက်တန်းကျောင်း Grade-6C မှ မနန်းအိမ့်သံစဉ် ၏ ဖခင်အမည်မှန်မှာ ဦးသက်ဦးဇင် ၁၂/ဥကမ(နိုင်)၁၈၃၇၆၅ ဖြစ်ပါကြောင်း။

**ဦးသက်ဦးဇင်**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ခွဲ) ရမ်ပူ(၂) Grade-12(Eco)တန်း မှ မောင်ဆန်းဝင်း ၏ ဖခင်အမည်မှန်မှာ ဦးတင်အုံး ဖြစ်ပါသည်။

**ဦးတင်အုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ယာတော်ရပ်ကွက်၊ အကွက်အမှတ် (B-3)၊ ဦးပိုင်အမှတ်(B-3/၁)/၆၂လမ်းခွဲနှင့်ပရန်တော်ချောင်းကြား၊ ရန်-မန်းလမ်း အရှေ့ဘက်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူဦးရန်မြင်ဆန်(ခ)စိုးမြင့် ၁၃/နခန(ဧည့်)၀၀၀၁၃၈ က သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံနှင့်စိစစ်၍ ဂရန်မိတ္တူ ထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအားပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန်နှင့် ပျောက်ဆုံးသွားသော ဂရန်အမှုတွဲအမှတ်(၅၁၇၄/၂၀၂၄-၂၀၂၅)အားဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့်ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့ နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၆၅၉က)၊ ကွင်းအမည်(တဲကြီးကုန်းရွာမ)၊ ဦးပိုင်အမှတ်(၃၁၄)၊ ဧရိယာ(၀. ၁၈၈)ဧကရှိ မြေကွက်သည် ဒေါ်အေးအေး အမည်ဖြင့်ကျေးရွာမြေငှားဂရန် ရရှိခဲ့ပါသည်။ဂရန်ရှင်က မူလဧရိယာ(၀. ၁၈၈)ဧကအနက်မှ မြေဧရိယာ(၀. ၀၈၀)ဧကအား ဦးပိုင်ခွဲစိတ်၍ ဦးပိုင်အမှတ်( ၃၁၄ /၅၀၁ )အဖြစ် ဒေါ်တင်ဇာခိုင်(ဘ)ဦးစန်းမောင် ၁၂/ကတန(နိုင်)၀၉၈၀၆၇ ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချသည့်စာချုပ်ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ (၁၇- ၃-၂၀၂၆)ရက်စွဲပါ စာချုပ်အမှတ်(၂၆၁/၂၀၂၆)ဖြင့် ရောင်းချခဲ့ပါသည်။ ထို့ကြောင့် မြေကွက်ရရှိသူ ဒေါ်တင်ဇာခိုင်မှ ၎င်းအမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားမှုနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြမည့်သူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်း အထောက်အထား မူရင်းများပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားခြင်းကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်တင်ဇာခိုင်(ဘ)ဦးစန်းမောင် ၁၂/ကတန(နိုင်)၀၉၈၀၆၇**
**တဲကြီးကုန်းကျေးရွာ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၇၇၄၅၈**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၂)၊ Grade-12 (Bio)တန်း မှ မောင်နီကို ၏ ဖခင် အမည်မှန်မှာ ဦးအားဂယ် ၁/ပတအ(နိုင်) ၀၁၂၃၁၄ ဖြစ်ပါသည်။

**ဦးအားဂယ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်၊ အကွက်အမှတ် (B-3)၊ ဦးပိုင်အမှတ်(B-3/၃)/၆၂လမ်းခွဲနှင့်ပရန်တော်ချောင်းကြား ၊ ရန်-မန်းလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူဦးရန်မြင်ဆန်(ခ)စိုးမြင့် ၁၃/နခန(ဧည့်)၀၀၀၁၃၈ က သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံနှင့်စိစစ်၍ ဂရန်မိတ္တူ ထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသောမိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန်နှင့် ပျောက်ဆုံးသွားသော ဂရန်အမှုတွဲအမှတ်(၅၁၇၆/၂၀၂၄-၂၀၂၅)အားဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၂)၊ Grade-12(A) မှ မောင်ထွယ်အောင် ၏ ဖခင် အမည်မှန်မှာ ဦးမငွေတူး ၁/မကန(နိုင်) ၁၁၀၆၀၈ ဖြစ်ပါသည်။

**ဦးမငွေတူး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၄)လမ်း (တောင်)၊ အမှတ်(၂၁၂)၊ မြေအကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) ရှိ ဦးမြင့်စိန် နှင့် ဒေါ်ခင်ရွှေ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက် ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်၊ (၄)လွှာ၊ (A) တိုက်ကို မျက်နှာမူလျှင် (ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (၁၈ ပေ x၅၅ ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တွယ်ကပ်တပ်ဆင် ထားသောပစ္စည်းများနှင့် ရေ၊ မီး၊ မော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလပြည့်အောင် ၈/ခမန (နိုင်)၁၁၀၅၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရှိဆက်တီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၀ / ၂၀၁၇)**
**အမှတ်(၄၂၇)၊ ၄-လွှာ၊ ဦးချစ်ထွန်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၅၂၅၀၀၊ ၀၉-၂၆၀၂၀၇၉၅၃**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (နောင်နန်း-၅)၊ Grade-8 မှ မောင်ဝင်လီနော်ဂျတ်ဖရိန် ၏ ဖခင်အမည်မှန်မှာ ဦးဂျာဝေါမ် ၁/ကမတ(နိုင်)၀၀၂၇၆၆ ဖြစ်ပါသည်။

**ဦးဂျာဝေါမ်**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ Grade-12 ($A_1$) မှ မောင်စွမ်းထက်ကျော်၏ မိဘအမည်မှန်မှာ ဦးစိုး ၅/စကန(နိုင်)၁၉၀၂၀၃ နှင့် ဒေါ်အေးသန်း ၁/မညန(နိုင်) ၁၁၉၅၈၅ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/3053 Toyota Vitz NSP130 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖွေးဖွေးလွင် ၁၃/ရစန(နိုင်)၀၀၇၆၅၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၈၃၅၃၈ HAOJUE-115 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၉/လဝန(နိုင်) ၁၀၁၉၈၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ Dပျိုးခင်းကိုယ်ပိုင် အထက်တန်းကျောင်းမှ Grade-12 ကျောင်းသူ မသက်သက်ကျော်ဦး ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး ၅/ရဘန(နိုင်) ၀၈၅၃၅၉ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်ဦး**

## ကြော်ငြာစာ

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်၊ အကွက်အမှတ် (B-3)၊ ဦးပိုင်အမှတ်(B-3/၄)/၆၂လမ်းခွဲနှင့်ပရန်တော်ချောင်းကြား၊ ရန်-မန်းလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူဦးရန်မြင်ဆန်(ခ)စိုးမြင့် ၁၃/နခန(ဧည့်)၀၀၀၁၃၈ က သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံနှင့် စိစစ်၍ ဂရန်မိတ္တူ ထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန်နှင့် ပျောက်ဆုံးသွားသော ဂရန်အမှုတွဲအမှတ်(၅၁၇၇/၂၀၂၄-၂၀၂၅) အားဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်၊ အကွက်အမှတ် (B-3)၊ ဦးပိုင်အမှတ်(B-3/၂)/၆၂လမ်းခွဲနှင့်ပရန်တော်ချောင်းကြား၊ ရန်-မန်းလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူဦးရန်မြင်ဆန်(ခ)စိုးမြင့် ၁၃/နခန(ဧည့်)၀၀၀၁၃၈ က သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက် ခံနှင့်စိစစ်၍ ဂရန်မိတ္တူ ထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသောမိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအားပယ်ဖျက်၍ သားရေဖုံးဂရန် စာချုပ်ထုတ်ယူခွင့်ပြုပါရန်နှင့် ပျောက်ဆုံးသွားသော ဂရန်အမှုတွဲအမှတ် (၅၁၇၅/၂၀၂၄-၂၀၂၅)အားဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့်ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၂၅)၊ ဦးပိုင်အမှတ် ၈၀/၆၀.ဘီx၆၁ကြား၊ ၁၃၉x၁၄၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတိုးနိုင်လင်း ၁၂/ရကန(နိုင်)၀၀၀၇၀၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊စရပ်ကွက်၊ အကွက်အမှတ် တတ-၂၁၊ ဦးပိုင်အမှတ် ၄၅/ ၅၆x၅၇လမ်းကြား၊ ၁၂၃x၁၂၄လမ်းကြားရှိ ဒေါ်မင်းရင် အမည်ပေါက် ဂရန်မြေကွက်အား၊ ဖခင် ဦးသာဇင်၊ မိခင်ဒေါ်မင်းရင်တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးခင်မျိုးမောင် ၉/မနတ(နိုင်)၀၈၂၅၄၆၊ ဦးတင်အောင်စိုး ၉/မနတ(နိုင် )၀၈၃၃၁၂၊ ဒေါ်စန္ဒာစိုး ၉/မနတ(နိုင်)၀၈၃၃၁၁၊ ဒေါ်ဥမ္မာစိုး ၉/မနတ(နိုင်)၀၀၄၇၀၃ ၊ ဦးနိုင်မင်းစိုး ၉/မနတ(နိုင်)၁၂၃၈၁၂ တို့က ဂရန်စာချုပ် ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (၆) ၊ ဦးပိုင်အမှတ် (၂၉)၊ ၃၉ x ၄၀ ကြား၊ ၅၇x၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်ညိုလေးကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ်(၁၃၁၉/၂၀၂၆) ဖြင့် အမွေဆက်ခံခဲ့သော သမီးဖြစ်သူ ဒေါ်ခင်သီရိ၉/မဟာမ(နိုင်) ၀၃၅၄၃၁ က အမှုတွဲအမှတ်(၂၄၀၃/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၃၇) ၊ ဦးပိုင်အမှတ် (၁၃)၊၅၃ လမ်း၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဗိုလ်မှူး ဘဆွေ၏ (SPရရှိသူ ဒေါ်ယဉ်ယဉ်) ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၃၆၃/၂၀၀၈) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖွေးဖွေးအောင် ၏ (SPရရှိသူ ဦးသက်ဦး) ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၁၄၂/၂၀၁၀) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ကျို့ဂျာ၏ (SP ရရှိသူ ဒေါ်မျိုးသီတာ(ခ) ARUNA) ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၂၁၄၀/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်သီရိ ၉/မဟာမ(နိုင်) ၀၃၅၄၃၁ က အမှုတွဲအမှတ် (၂၄၀၂/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၂၁) ၊ ဦးပိုင်အမှတ် (၃၉)၊၃၉x၄၀ ကြား၊၈၁x၈၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးသန်းစိန်၊ ဒေါ်စန်းတင် တို့ (၂) ဦးအနက် ဦးသန်းစိန် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်( ၄၁၆/၂၀၂၆) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်စန်းတင် ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၁၃၃၆/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခိုင်မာမြင့် ၉/အမရ(နိုင်)၁၂၆၆၁၅ က အမှုတွဲအမှတ်(၂၄၂၀/၂၀၂၆-၂၀၂၇ ) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၁၅) ၊ ဦးပိုင်အမှတ် (၈၆)၊ ၁၀၉ လမ်း၊ ၄၆x၄၇လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နုနု၏ (SP ရရှိသူ ဒေါ်ချိန်ဟိုက်ဆိမ်း) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၇၃၆/၂၀၂၀) ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်မင်းနောင် ၁၃/ကခန(နိုင်) ၀၀၁၂၀၈ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၄၀၉/၂၀၂၆-၂၀၂၇ ) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၃၂)၊ ဦးပိုင်အမှတ် (၇၂)၊၄၆x၄၇ ကြား၊၁၀၉x၁၁၀လမ်းကြားရှိ ဦးသိန်းထွန်း အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်( ၁၄၁၁/၂၀၁၁) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်နွယ်နီစိုး ၏ (GPရရှိသူ ဒေါ်ရန်ချုံမိတ်(ခ) ကြည်မြင့်) ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၂၃၂/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မီမီထွန်း ၉/မရမ(နိုင်) ၀၀၅၅၇၀ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၄၁၈/၂၀၂၆-၂၀၂၇ ) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ သံလွင်ရပ်ကွက်၊ အကွက်အမှတ်(၁၂/၇တိုးချဲ့)၊ ဦးပိုင် အမှတ်(၅၀၁)၊ ဧရိယာ(၀.၀၉၆)ဧက၊ မြေငှားလိုင်စင်အမှတ်တွဲအမှတ် ၅၃၂-၅/၉၉-၂၀၀၀(စီ)၊ ဒေါ်ညိုညို ၁၃/လရန(နိုင်)၀၉၂၄၉၀ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား စာချုပ်အမှတ် ၁၄၅၊/၂၀၀၀ဖြင့် ဒေါ်လျော်ဂျိန်း ၁၃/လရန(နိုင်)၀၆၄၀၁၁ သို့လည်းကောင်း၊ ဒေါ်လျော်ဂျိန်း၏အထူးကိုယ်စားလှယ်ရရှိသူဒေါ်အဖျင်း ၁၃/လရန(နိုင်)၁၂၁၀၄၇ မှ စာချုပ်အမှတ် ၂၇၂၊/ ၂၀၂၆ ဖြင့် ဦးရင်ဟိုက် ၁၃/လရန(နိုင်) ၀၆၉၄၁၁ သို့လည်းကောင်း ရောင်းချပေးပြီးဖြစ်၍ ဦးရင်ဟိုက်အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာရာကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းအတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးရင်ဟိုက်အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ သံလွင်ရပ်ကွက်၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၁)၊ ဦးပိုင်အမှတ်(၇၆၃)၊ ဧရိယာ(၀.၀၉၆)ဧက၊ မြေငှားလိုင်စင်အမှတ်တွဲအမှတ် ၁၂၀-၅/၂၀၀၆-၂၀၀၇(စီ)၊ ဒေါ်ခင်အေးပျို ၉/မနမ(နိုင်)၁၂၂၃၉၈ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အားဒေါ်ခင်အေးပျို၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဒေါ်လောက်နား ၁၃/လရန(နိုင်)၀၅၆၆၄၇ မှ စာချုပ်အမှတ် ၄၂၊/၂၀၂၂ဖြင့် ဒေါ်ဝူရှောက်ချောက် ၁၃/ကလတ(နိုင်)၀၂၄၄၄၉ သို့ ရောင်းချပေးပြီးဖြစ်၍ ဒေါ်ဝူရှောက်ချောက် အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်ဝူရှောက်ချောက် အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမှုအားလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဋ္ဌ) ရပ်ကွက်၊ အကွက်အမှတ်(တတ-၆၂)၊ ဦးပိုင်အမှတ် ၃၁/၁၂၅ x ၁၂၆ ကြား၊ ၄၄ x ၄၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခိုင်ချိုဝင်း၆/လလန(နိုင်)၀၄၃၉၂၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိ တိုက်အမှတ် $A_4$, အခန်းအမှတ် 1224 အခန်းအမျိုးအစား 3 bedroom အကျယ်အဝန်း ဧရိယာ (၁၁၈၅) စတုရန်း ဧရိယာပေရှိသော ကွန်ဒိုတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးကျော်လွင် ၇/ညလပ(နိုင်)၀၀၅၀၅၁ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ် ဒေါ်နီနီအောင် ၁၂/ဒဂမ(နိုင်)၀၁၉၃၁၅ က ငွေပေးချေခဲ့ပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားပါမည်။

**ဒေါ်နီနီအောင်**
**ဖုန်း-၀၉-၇၈၂၈၉၄၅၄၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ပုလဲဒီပါရပ်အေးရိပ်ချောင်လမ်း၊ မြိတ်မြို့နေ ဦးခင်မောင်ဝင်း (၆/မမန(နိုင်)၁၁၈၀၄၆)၊ ဒေါ်ရွှေရွှေဝင်း(၁၂/ဗဟန(နိုင်)၀၃၉၉၈၂) တို့၏သမီး မအေးသီရိမောင် (၆/မမန(နိုင်)၁၄၇၀၇၀) သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ မိဘနှစ်ပါးခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို အကြိမ်ကြိမ်ကျူးလွန်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မအေးသီရိအောင်နှင့်ပတ်သက်သည့် ငွေရေး၊ ကြေးရေး၊ လူမှုရေး၊ စီးပွားရေး ပြဿနာများအား မိဘနှစ်ပါးမှ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**မိဘများ - ဦးခင်မောင်ဝင်း - ဒေါ်ရွှေရွှေဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ (၁၄၈)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၃စီ၊ မြေကွက်အမှတ်- V - ၅၉၊ တိုက်အမှတ်(၁၂)၊ အကျယ်အဝန်းအလျား ၂၅ ပေ x အနံ ၅၀ ပေ၊ ဧရိယာ(၀.၀၂၉) အကျယ်ရှိသည့်မြေမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဦးမျိုးမြင့် ၁၂/တမန(နိုင်)၀၀၄၈၆၇ အမည်ဖြင့် မှတ်သားတည်ရှိသော နှစ် (၆၀) ဂရန်မြေဖြစ်ပြီး၊ အဆိုပါမြေနှင့်ယင်းမြေကွက်ပေါ်ရှိ (၂) ခန်းတွဲ (၄) လွှာတိုက်ခန်းအနက် တိုက်ရှေ့မှ မျက်နှာမူကြည့်လျှင် ညာဘက်ခြမ်းရှိ မြေညီထပ်နှင့် ပထမထပ်အလွှာတိုက်ခန်း (၂) သည် ဦးမျိုးမြင့်လက်ရှိတရားဝင်ပိုင်ဆိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပြီး၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း အဆိုပါ ဦးမျိုးမြင့် အမည်ပေါက် ပိုင်ဆိုင်သော မြေအကျိုးခံစားခွင့်များနှင့်မြေညီထပ်၊ ပထမထပ်အလွှာတိုက်ခန်း(၂)ခန်းအား ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ဝယ်ယူသူမှဝယ်ယူရန် သဘောတူသဖြင့် ဝယ်ယူသူမှ ရောင်းချသူထံ ရောင်းချသည့် တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်မူရင်းသက်သေအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ရတနာခိုင်ဖြူမြင့် (LL.B)** | **ဒေါ်ဇင်မာလွင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၅၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၈၀)** |

**အမှတ် (၁၈)၊ စိတ္တသုခလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၄၂၃၂၃၅၆၊ ၀၉- ၇၉၁၉၁၄၉၂၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၉၇၅)၊ ၁၂၅၀ စ/ပေ မြေကွက်တည်နေရာ အမှတ် (၉၇၅)၊ သုမိတ္တာ (၂၅) လမ်း၊ (၁)ရပ်ကွက် မောင်ဝင်း ၁၂/လမန(နိုင်)၀၇၄၆၀၀ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဦးမြည်ထွန်းအောင် (ဖခင်)သည် (၂၇-၆-၁၉၈၁) ရက်တွင်လည်းကောင်း၊ ဒေါ်စိန်ဖြူ (မိခင်)သည် (၁၇-၁-၂၀၁၃)ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြပြီး၊ ဒေါ်စိန်ဦးဖြူ မြေအမည်ပေါက် ဦးမောင်ဝင်း၊ ဒေါ်သန်းရီ သား/သမီး(၃)ဦး မွေးဖွားခဲ့ပြီးသားတစ်ဦးဖြစ်သူ မြေအမည်ပေါက် ဦးမောင်ဝင်းသည် (၂၈-၁-၂၀၂၃) ရက်တွင် အိမ်ထောင်မရှိ လူပျိုကြီးဘဝဖြင့် ကိတ္တိမသား/သမီးများ မွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်ခဲ့သဖြင့် မြေအမည်ပေါက်၏ ကျန်ရစ်သူ မောင်နှမရင်းခြာများ ဖြစ်သည့် ဒေါ်စိန်ဦးဖြူ (၁၂/လမန(နိုင်)၀၇၄၆၀၁)၊ ဒေါ်သန်းရီ (၁၂/လမန(နိုင်)၀၀၀၈၃၇) တို့သာ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်အမှတ်- ၉၈၈/၂၀၂၆/၁၈-၆-၂၀၂၆ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသည့် ဦးစိုးသီဟလွင် (၁၃/ကလန(နိုင်) ၁၀၆၂၇၂) နှင့် ဒေါ်ဇင်ဇင်ပြုံး (၁၃/တကန(နိုင်)၂၀၇၃၂၉)တို့သည် ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် နာမည်ပျက်မရှိ ကောင်းသောဂုဏ် သတင်းဖြင့်နေထိုင်ကြသူများ ဖြစ်ကြပါသည်။

ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသည့် ဦးစိုးသီဟလွင် နှင့်ဒေါ်ဇင်ဇင်ပြုံး တို့အား နာမည်ဂုဏ်သတင်းထိခိုက်နစ်နာစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အသရေပျက်စေရန် ရည်ရွယ်၍ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ပြောဆိုရေးသားခြင်း၊ ခေတ်မီဆက်သွယ်ရေးနည်းပညာကိုအသုံးပြု၍ မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း၊ အကျိုး စီးပွားထိခိုက်နစ်နာစေရန် နှင့်ပတ်ဝန်းကျင်ရှိ မိတ်ဆွေ အပေါင်းအသင်းများအထင်အမြင်လွဲမှားစေရန် မမှန်မကန် ပြောဆိုရေးသားခြင်း၊ messages များပေးပို့ခြင်း၊ ကျွန်ုပ်မိတ်ဆွေများ စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုမူခြင်းစသည်တို့ကို မည်သူတစ်ဦးတစ်ယောက်မျှဆက်လက်မပြုလုပ်ရန်နှင့် ကျွန်ုပ်မိတ်ဆွေများ၏ နာမည်ဂုဏ်သတင်းအား ထိခိုက်စေသည့် အပြောအဆို အပြုအမူအရေးအသားများရေးသားပြောဆိုခြင်း၊ အခြားသူတစ်ဦးဦးထံသို့ မမှန်မကန်ရေးသားထားသော messages စာသားများပေးပို့ခြင်းများကို ထပ်မံပြုလုပ်မည်ဆိုပါက မည်သူကိုမဆိုတည်ဆဲဥပဒေများနှင့်အညီထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိုးသီဟလွင် နှင့် ဒေါ်ဇင်ဇင်ပြုံးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီချို (LL .B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ် - ၁၃၀၄၁)**
**အခန်းအမှတ် (4)၊ မဟာသုခလမ်းသွယ် (၂)၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း- ၀၉-၄၂၅ ၉၈၇၇၇၀၊ ၀၉-၇၇၇၈၅၉၄၈၇**

## အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ စက်သစ်ရပ်ကွက်၊ သီရိမွန်လမ်း၊ အမှတ်(၁၃)နေ ဒေါ်ငွေးငွေးဝင်း ၁၀/သဖရ(နိုင်)၁၅၇၁၀၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ စက်သစ်ရပ်ကွက်၊ အောင်ဆန်းလမ်း၊ အမှတ်(၁၃)နေ (ဦးဝင်းလှိုင်) - ဒေါ်ငွေးငွေးဝင်း (၁၀/သဖရ(နိုင်)၁၅၇၁၀၁) တို့၏သား မောင်ကျော်ထက်ပိုင်ဝင်း (၁၀/သဖရ(နိုင်)၁၇၁၂၅၃) သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိခင်ဖြစ်သူနှင့် မိသားစုဝင်များအား ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ဤကြေညာသည့်နေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင်အမွေပြတ် စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချောစုလတ် (စဉ်-၇၉၀၀)**
**တရားလွှတ်တော်ရှေ့နေ**
**မ- ၇၊ အောင်ဆန်းလမ်း၊ ကြံ့ခိုင်ရေးရပ်ကွက်၊ သံဖြူဇရပ်မြို့**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ Full Moon ကိုယ်ပိုင်အလယ်တန်းကျောင်း Grade (4) မှ မမှူးကေရီသော်၏ ဖခင်အမည်မှန်မှာ ဦးနေမှူး ၉/ဇဗသ(နိုင်)၀၀၁၆၁၆ ဖြစ်ပါကြောင်း။

**ဦးနေမှူး**

## အမည်မှန်

ပျဉ်းမနားမြို့၊ D သာလွန်ကိုယ်ပိုင် အထက်တန်းကျောင်း Grade(12) မှ(ဘ) ဦးထွန်းထွန်း ၏သမီး မစုမြတ်မွန်၏ အမည်မှန်မှာ မဆုမြတ်မွန် ၉/ပမန(နိုင်)၃၁၅၈၃၀ ဖြစ်ပါကြောင်း။

**မဆုမြတ်မွန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/57124, Kenbo-110 ယာဉ်အမည်ပေါက်သူ ဦးခင်မောင်လွင် ၂/လကန(နိုင်)၀၄၈၁၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/2768, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူ ၂/ဒမဆ(နိုင်)၀၀၉၇၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/၂/လက်ပံခါးလှ(အောင်ဇမ္ဗူ)ရှိ မြေကွက်အမှတ်(၉၄)၊ ဧရိယာ (၀.၀၈၀) ဧကအား အမည်ပေါက် ဦးသန်းစိုး (ဘ) ဦးသိန်းဟန် ၉/ပမန(နိုင်)၀၁၀၉၉၀ မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ သာခုလမ်း၊ ကွင်း/ အကွက်အမှတ်(၁၈၊ ဇရစ်စမ်း တောင်ကွက်)၊ မြေကွက်အမှတ် (၅၇/၁၁၂)၊ ဦးပိုင်အမှတ် (၅၅)၊ ဧရိယာ (၀.၀၈၈) ဧက အကျယ်ရှိ မြေကွက်သည် ဂရန်အမှုတွဲအမှတ် - DORPNO - ၃၃ / V / (၁၉၆၆ - ၁၉၆၇) (၅-၉-၁၉၆၆ မှ ၄- ၉-၁၉၇၆ အထိ) အရ ဦးဇော်ဝိန်၊ ဒေါ်ညွှန့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဂရန်အမည်ပေါက်သူ ဦးဇော်ဝိန်၊ ဒေါ်ညွှန့်တို့ကွယ်လွန်ခဲ့ပြီးနောက် ဒေါ်လှခင်သည် ဧရိယာ (၀.၀၈၈) ဧကအကျယ်ရှိ မြေကွက်အား သန်လျင်မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် (၁၁၉/၂၀၁၆)၊ "အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်" ဖြင့်လည်းကောင်း၊ ဒေါ်လှခင်သည် ကျွန်မ ဒေါ်မြမြချိုကို စာချုပ်အမှတ် (၈/၂၀၁၄)၊ "အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် မွေးစားခြင်းစာချုပ်" ဖြင့် မွေးစားပြီးနောက် ဒေါ်လှခင်သည် (၂၁-၄-၂၀၂၃) ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ မိခင် ဒေါ်လှခင် ကွယ်လွန်ပြီးနောက် ယင်းဂရန် မြေကွက်အနက် ဧရိယာ (၀.၀၄၄) ဧက အကျယ်ရှိ မြေကွက်ကို ၎င်း၏ သားသမီးရင်းခြာများဖြစ်သာ ဒေါ်မြမြချို (ဘ) ဦးညိမ်းမောင် (၁၂/သလန(နိုင်)၀၀၆၃၁၄) က မိဘကျန်ရစ်သည့်အမွေကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ စာချုပ်ချုပ်ဆိုမှတ်ပုံတင်ခြင်း၊ မြေပုံမြေရာဇဝင်ရေးကူးခြင်း၊ ရောင်းချခြင်း စွန့်လွှတ်ခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ ပြုလုပ်ရန်ရှိသဖြင့် အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ (သို့မဟုတ်) အကျိုးတစ်စုံတစ်ရာသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အဆိုပါကိစ္စများကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဇာနည်** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင်** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **(LL. B, DBL, DIPL, DIL) (စဉ်-၁၄၆၆၈)** | **(LL. B, DIPL) (စဉ် -၁၈၇၂၆)** | **(LL. B, DBL) (စဉ်-၂၀၀၇၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉ ၄၂၀၃၀၀၂၆၂**

## အမည်ပြောင်း

စကုမြို့နယ်၊ အမှတ်(၂) ရပ်ကွက်နေ ဦးကိုကိုဇင်၏သား စကု အထက(ခွဲ) တောင်ရပ် G-6 မှ မောင်ဟန်ဇင်ကိုကိုအား မောင်ဥက္ကာဟန်ဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန် ကြော်ငြာအပ်ပါသည်။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ KMC ကိုယ်ပိုင် အထက်တန်းကျောင်း၊ G-11မှ မနန်းစုရီထွေး၏ ဖခင်အမည်မှန်မှာ ဦးမောင်တိုး ၅/မလန(နိုင်)၀၁၃၁၇၅ ဖြစ်ပါကြောင်း။

**ဦးမောင်တိုး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့၊ ကောင်းချွန်ကိုယ်ပိုင် အထက်တန်းကျောင်း Grade- 12 မှ မယုစန္ဒာကျော် ဖခင် ဦးမျိုးကျော်၏အမည်မှန်မှာ ဦးမျိုးကျော်ကျော် ၈/ပခက (နိုင်) ၂၀၀၂၈၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်း အနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၂၀၂)၊ မြေဧရိယာ (၀.၀၈၂) ဧကရှိ ဒေါ်နန်းနွယ်(ဘ) ဦးကံညွှန့် ၉/မကန(နိုင်)၀၀၂၅၄၄ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်နန်းနွယ်မှ ဦးမင်းသူဟန် (ဘ) ဦးအောင်သန်း ၁၄/ပသန(နိုင်)၁၉၅၁၁၃ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၈၅၇)၊ မြေဧရိယာ (၀.၁၄၅) ဧကရှိ ဦးမြင့်အောင်(ဘ) ဦးခင်မောင် ၁၂/မဘန(နိုင်)၀၁၄၀၀၃ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးမြင့်အောင် မှ ဒေါ်တင်မိုးခိုင် (ဘ) ဦးကျော်စိန် ၁၂/ရပသ(နိုင်)၀၄၃၃၇၃ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ဥတ္တရသီရိ မြောက်ရပ်)၊ မြေဧရိယာ (၀.၂၂၉) ဧက ၊ မြေကွက်အမှတ်(ဥ-၅၉၂၃)၊ ဒေါ်ခင်မျိုးနွယ်(ဘ) ဦးကျော်ခင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးအောင်မျိုး ၇/ဝမန(နိုင်)၀၆၁၀၁၃ (ဘ) ဦးတင်အောင်မှ နေပြည်တော်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၀၈၃/၂၀၂၃) (၂၉-၈-၂၀၂၃) တင်ပြ၍ ဒေါ်လဲ့လဲ့အေး ၉/မခန(နိုင်)၁၅၉၃၈၃ (ဘ) ဦးထွန်းရီ၏ အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း Grade 3 မှ (ဘ) ဦးကျော်ထိုက်ရွှေ၏သမီး မမိုးဇင်သူရွှေအား ယနေ့မှစ၍ မမှူးသံသာရွှေဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမှူးသံသာရွှေ**

## အမည်ပြောင်း

နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ Grade (8) မှ (ဘ)ဦးကိုကိုလတ်၏သမီးမမိုးမြင့်ကိုအား ယနေ့မှစ၍ မခန့်စစ်သွေးပြောင်းလဲခေါ်ဆိုပါရန်။

**မခန့်စစ်သွေး**

## Passport ပျောက်ဆုံးကြောင်း

သမိုင်း(၂)ရပ်ကွက်၊ ဦးဘဟန်လမ်း၊ နေ (ဘ) ဦးသန်းလှိုင်၏သမီး ကျွန်မ မြချယ်ရီစံ (၈/ပဖန(နိုင်)၁၇၃၁၅၉)၏ ပတ်စ်ပို့ (နံပါတ်-MJ 363683) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း -၀၉ -၉၄၃၀၇၅၆၂၄**

## မွေးသက္ကရာဇ်အမှန်

ဦးရဲနိုင်-ဒေါ်တင်ဇာလွင်တို့၏ သမီး ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အထက (သုဝဏ္ဏ) Grade-12 မှ မသံစဉ်နိုင် ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၁-၂၀၀၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာတက္ကသိုလ်မှ ၂၀၂၆ ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ်ဖြင့် စတုတ္ထနှစ် အောင်မြင်ခဲ့သော မဖြိုးရတနာသွယ်၏ ဖခင် ဦးကျော်ခိုင်(ခ) ဦးဇော်မိုး ၉/မလန(နိုင်) ၁၄၉၂၈၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကျော်ခိုင် (ခ) ဦးဇော်မိုး**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။




## အာရှအားကစားပြိုင်ပွဲ တက်ဂ်ဘောပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲအသင်း ဆီမီးဖိုင်နယ်သို့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၈

ဂျပန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ (20th Asian Games Aichi–Nagoya 2026) တက်ဂ်ဘောပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးတစ်ဦးချင်း ကစားသမား ခင်နှင်းဝေနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲမှ ဆုမွန်အောင်၊ ဖြူဖြူသန်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၅ ❑

## စစ်ကိုင်းယူနိုက်တက်ကို ဂိုးပြတ်သွင်းကာ အမှတ်ပေးဇယားထိပ်ဆုံး၌ ISPE အသင်း ဆက်လက်ရပ်တည်

နေပြည်တော် စက်တင်ဘာ ၁၈

M League 2026 U20 ပြိုင်ပွဲ၏ ပွဲစဉ် (၁၅) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားထိပ်ဆုံးမှ ISPE အသင်းနှင့် ရှမ်းယူနိုက်တက်တို့ ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်နှင့် ရတနာပုံတို့ ပွဲစဉ်တွင် တစ်ဂိုးစီ သရေကျခဲ့သည်။ စာမျက်နှာ ၁၅ ကော်လံ ၁ ●



## ၂၃၀ ကေဗွီ သာစည်ပင်မ ဓာတ်အားခွဲရုံတွင် ကြိုးအစားထိုး လဲလှယ်ခြင်းလုပ်ငန်းကို ဓာတ်အားပိတ် ဆောင်ရွက်မည်

နေပြည်တော် စက်တင်ဘာ ၁၈

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၃၀ ကေဗွီ သာစည်ပင်မ ဓာတ်အားခွဲရုံရှိ ၁၃၂ ကေဗွီ သာစည်–မြင်းခြံ

စာမျက်နှာ ၁၅ ကော်လံ ၅ ❂

## သမိုင်းတစ်လျှောက် ပထမဆုံး ဥရောပပွဲစဉ်တွင် ဆိုစီဒက်ကို နိုင်ပွဲရရှိခဲ့သည့် ဘုန်းမောက်

ယူရိုပါလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁)မှ စက်တင်ဘာ ၁၈ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဆိုစီဒက်နှင့် ဘုန်းမောက်အသင်းပွဲစဉ်တွင် ဘုန်းမောက်အသင်းက အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဘုန်းမောက်အသင်းသည် မိနစ် ၂၀ အတွင်း နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၅၇ မိနစ်တွင် စာမျက်နှာ ၁၅ ကော်လံ ၅ ❖




## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၈

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

# မှုခင်းသတင်း

## ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ကျိုင်းတုံမြို့နယ် စာမျက်နှာ ၁၅ ကော်လံ ၁ ❃



ပြစ်မှုကျူးလွန်သူ စိုင်းဝင်း၊ စိုင်းစံဟောင်၊ စိုင်းပုံနှင့် စိုင်းခေးလှိုင်းတို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အဓမ္မပြုကျင့်ကာ ငွေခြောက်လှန့်တောင်းယူသူ အမျိုးသားအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အမျိုးသမီးငယ်အား သွေးဆောင်ဖမ်းဆီးခေါ်ဆောင်၍ အဓမ္မပြုကျင့်ကာ ငွေခြောက်လှန့်တောင်းယူသူ တရားခံအမျိုးသားအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးအရေးယူပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ မ––– (၁၆)နှစ်သည် သူငယ်ချင်းဖြစ်သူ မ–––(၁၈)နှစ်နှင့်အတူ စက်တင်ဘာ ၁၆ ရက် ညက City Mall သို့ Hot Pot သွားစားမည်ဟု ပြောဆိုကာ နေအိမ်မှ ထွက်ခွာသွားပြီး ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် မိခင်ဖြစ်သူက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မ ရဲစခန်းသို့ ကူညီစုံစမ်းပေးနိုင်ပါရန် စာမျက်နှာ ၁၅ ကော်လံ ၁ ❊

# ယနေ့ ဖတ်စရာ

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၃)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

ပြည်တွင်းသတင်း ◆ စာ ◆ ၁၂

အီတလီအစိုးရက ပေးအပ်သည့် လေယာဉ်တင်သင်္ဘော အင်ဒိုနီးရှားသို့ ရောက်ရှိလာ

နိုင်ငံတကာသတင်း ◆ စာ ◆ ၁၄